မြဝတီ နေ့စဉ်
အထူးအချပ်ပို

# (၈၁)နှစ်မြောက် တပ်မတော်နေ့

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်၊ သောကြာနေ့ အချပ်ပို(က)



# ရဲသွေးညီညီ သစ္စာတည်၍ သည်မြေနုန်းအတွက် နှင်းဆက်ဂုဏ်ဖော် မြန်မာ့တပ်မတော်

ကျော်တေဇ(ဥက္ကလာ)






**ယနေ့** မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးအတွက် သန္နိဋ္ဌာန်ချ၍ မွေးဖွားခဲ့သော တပ်မတော်တစ်ရပ်ဖြစ်၏။ တိုင်းတစ်ပါးအောက်ဖိနှိပ်ခံဘဝတွင် ကိုယ့်ထီးကိုယ့်နန်းဟူသော လွတ်လပ်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏နှလုံးသားများနှင့်အတူ ရည်စူးမျှော်မှန်းခဲ့ကြသည်။ နယ်ချဲ့တို့သည် မြန်မာတို့၏ ထီးနန်းနှင့် နယ်နိမိတ်ကို သိမ်းပိုက်နိုင်ခဲ့ကြ၏။ သို့သော် မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကိုမူ မသိမ်းပိုက်နိုင်ခဲ့ကြပေ။

မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ နိုးကြားလာမှုမှသည် သူ့ကျွန်မခံလိုစိတ်များ ထပ်မံမွေးဖွားပေးခဲ့သည်။ ထိုမှတစ်ဆင့် လွတ်လပ်ရေးအတွက် နယ်ချဲ့တို့ကို နေရာအနှံ့ တိုက်ထုတ်ခဲ့ကြသော်လည်း စုစည်းမှုမရှိသော ကာကွယ်ရေးအင်အားစုကြောင့် လွတ်လပ်ရေးဟူသော မျှော်မှန်းချက်ပန်းတိုင်မှာ လွန်စွာအလှမ်းကွာဝေးခဲ့၏။ နယ်ချဲ့တို့ကဖိနှိပ်မှု၊ အခွင့်အရေးပေးမှုတို့ ရောပြွမ်းကာ သွေးခွဲအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ကြပြန်သည်။ မည်သို့ဆိုစေ အဓိကသော့ချက်ကား စုစည်း၍ ကျစ်လျစ်ခိုင်မာမှုရှိသော ကာကွယ်ရေးအင်အားစုတစ်ရပ် လိုအပ်နေခြင်းပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်သည်ပြည်ပသို့တိတ်တဆိတ်ထွက်ခွာကာ စစ်ပညာများကို သင်ကြားခဲ့ကြသည်။ ဤသည်ကား ယနေ့မြန်မာ့တပ်မတော်၏ အမြုတေပင်ဖြစ်၏။ မြန်မာ့တပ်မတော်သည် ကိုယ်ကျိုးမဖက် နိုင်ငံနှင့် လူမျိုးအတွက် သက်စွန့်ကြိုးပမ်းမည်ဟူသော သန္နိဋ္ဌာန်စိတ် အပြည့်အဝရှိနေသည်မှာ အတိတ်သမိုင်းက သက်သေပင်။ အနှစ်ချုပ်လျှင် နိုင်ငံနှင့်လူမျိုးအတွက် စွန့်စားမှုသက်သက်ဖြင့် စုစည်းခဲ့သော မျိုးချစ်လူငယ်တစ်စု၏ ကြိုးပမ်းမှုကြောင့် ပေါ်ပေါက်ခဲ့ရသော တပ်မတော်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ဟိုင်နန်ကျွန်းနှင့် ဖော်မိုဆာကျွန်းတို့တွင် စစ်ပညာများကို ခက်ခက်ခဲခဲသင်ယူခဲ့ကြရသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရဲဘော်သုံးကျိပ် ရောက်ရှိလာပြီး မြန်မာလူငယ် ၂၀၀ ကျော်ကို စုစည်းနိုင်ခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကို စတင်ဖွဲ့စည်းခဲ့၏။ ဂျပန်တို့အကူအညီဖြင့် နယ်ချဲ့ကို တိုက်ထုတ်ခဲ့ကြသည်။ နယ်ချဲ့တို့ဆုတ်ခွာသွားသော်လည်း မြန်မာ့မြေပေါ်တွင် ဂျပန်တို့ကျန်ခဲ့သည်။ ဂျပန်များသည်လည်း ဖက်ဆစ်စနစ်ဖြင့် တင်းကျပ်စွာဖိနှိပ်အုပ်ချုပ်ခဲ့ကြသည်။



မျိုးချစ်စိတ်အရင်းခံဖြင့် အင်အားကြီးထွားလာသော ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကို ဂျပန်တို့ကဖျက်သိမ်းပြီး အင်အားလျှော့ကာ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ကို ပြောင်းလဲဖွဲ့စည်းခဲ့သည်။ သို့သော် ဂျပန်လက်အောက်တွင်သာဖြစ်၏။ BIA၊ BDA ဟူ၍မည်သို့ အမည်နာမပြောင်းလဲသည်ဖြစ်စေ၊ မပြောင်းလဲသည်ကား မျိုးချစ်စိတ်ဓာတ်နှင့် မြန်မာ့လွတ်လပ်ရေးဟူသော မျှော်မှန်းချက်ပန်းတိုင်ပင်။ ယင်းနောက် ဖက်ဆစ်တို့က ဗမာ့အမျိုးသားတပ်မတော် (BNA) ဟု အမည်ပြောင်းလဲခဲ့၏။

၁၉၄၃ ခုနှစ်တွင် တပ်မတော်သည် ဖက်ဆစ်တို့ကို တိုက်ထုတ်ရန် စတင်ပြင်ဆင်ခဲ့သည်။ တပ်မတော်သည် မဟာမိတ်တို့နှင့် လျှို့ဝှက်စွာအဆက်အသွယ်ရခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် တပ်မတော်သည် ပြည်သူလူထု၏ ထောက်ခံမှုအပြည့်အဝရရှိကာ တစ်သားတည်းပို့မိဖြစ်တည်ခဲ့သည်။ ၁၉၄၅ ခုနှစ်မတ်လ ၂၇ ရက်နေ့တွင်တပ်မတော်သည် ဖက်ဆစ်ဂျပန်တို့ကို တရားဝင်စစ်ကြေညာကာ တိုက်စစ်ဆင်နွှဲပြီး တိုက်ထုတ်ခဲ့၏။ ထိုနေ့ကို ယနေ့တပ်မတော်နေ့အဖြစ် ဝံ့စားဂုဏ်ယူစွာ သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

ဗြိတိသျှတို့ ဒုတိယခြေလှမ်းအနေဖြင့် မြန်မာ့မြေပေါ်သို့ ဝင်ရောက်ခြေချခဲ့ကြပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာ့တပ်မတော်သည် သည်တစ်ကြိမ်တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးကို မရရအောင် ကြိုးပမ်းနိုင်ခဲ့သည်။ နောက်ဆုံးလွတ်လပ်ရေးတိုက်ပွဲသည် နိုင်ငံရေးနည်းဖြင့် ရယူခဲ့သည်ဟုဆိုရမည်။ သို့သော် နိုင်ငံရေးနည်းဖြင့် မရရှိပါက တပ်မတော်သည် စစ်ရေးနည်းဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ရန်လည်း ဆုံးဖြတ်ထားပြီးဖြစ်သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၇ ခုနှစ်အတွင်း မြန်မာ့တပ်မတော်သည် ကြည်း၊ ရေ၊ လေဟူသော စစ်လက်ရုံးများအပြင် အခြားစစ်လက်ရုံးများကိုလည်း ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။ တစ်နည်းဆိုရသော် အမျိုးသားတပ်မတော်တစ်ရပ်၏ ဂုဏ်အင်္ဂါရပ်များနှင့် ကုံလုံပြည့်စုံခဲ့၏။ ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့် ဖွဲ့စည်းတည်ထောင်ထားသောကြောင့် ပြည်ထောင်စုတပ်မတော်ဟူသည့် အနှစ်သာရကို ကောင်းစွာပြသနိုင်သည်။ ၁၉၄၈ ခုနှစ်ဇန်နဝါရီလ ၄ ရက်နေ့တွင်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် မြန်မာ့လွတ်လပ်ရေးကို ရယူပေးနိုင်ခဲ့သည်။

လွတ်လပ်ရေးခရီးအစတွင် နိုင်ငံရေးအယူအဆများကွဲပြားပေါ်ပေါက်ခဲ့သည်။ နိုင်ငံရေးအယူအဆ၊ အယူဝါဒကွဲပြားခြင်းသည် အပြစ်မဟုတ်သော်လည်း လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်းသည် တိုင်းရင်းသားလက်နက်ကိုင်များ၏အမှားဟုဆိုရမည်။ နိုင်ငံရေး၏အဖြေသည် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြစ်၏။ အကြမ်းဖက်ခြင်း၏အဖြေကား လက်နက်ကိုင်လမ်းစဉ်ဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်ဖြင့် နိုင်ငံရေးအတွက်၊ နိုင်ငံ့အရေးအတွက် အဖြေကောင်းတစ်ခုမရနိုင်။ ၎င်းတို့စတင်လမ်းမှားခဲ့ကြသည့် ၁၉၄၈-၁၉၄၉ ခုနှစ်များ၏ ပြည်တွင်းသောင်းကျန်းမှု မီးတစ်စမှာ ယနေ့တိုင် အလုံးစုံမငြိမ်းသေးပေ။

၁၉၄၈-၁၉၄၉ ခုနှစ် ပြည်တွင်းသောင်းကျန်းမှု အကျပ်အတည်း၊ ၁၉၅၈ ခုနှစ် ပြည်ပကျူးကျော်မှုနှင့် ပြည်တွင်းသောင်းကျန်းမှု၊ ၁၉၆၂ ခုနှစ် ပြည်နယ်များခွဲထွက်မည့်အကျပ်အတည်း၊ ၁၉၈၈ ခုနှစ် လူထုဆူပူအုံကြွမှုနှင့် ပြည်တွင်းသောင်းကျန်းမှုအကျပ်အတည်းဟူသော နိုင်ငံ့အကျပ်အတည်းကြီးလေးခုရှိခဲ့သည်။ ထိုကာလအကျပ်အတည်းများကြားတွင် မြန်မာ့တပ်မတော်သည် ပြည်သူကိုငဲ့ကွက်ခဲ့သလို တပ်မတော်သားများသည် ၎င်းတို့အသက်ထက် ပြည်သူများ၏ အသက်ကို ပိုမိုအလေးထားခဲ့သည်။ နိုင်ငံအပေါ် သစ္စာစောင့်သိခဲ့သည်။ ခေါင်းရှောင်၍ ကျောမခိုင်းခဲ့။ ဦးဆောင်၍သာ နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့၏။



နိုင်ငံတစ်နိုင်ငံ၏ အဓိက ကဏ္ဍကြီးများဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို ဦးတည်ချက်များချမှတ်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ နိုင်ငံရေးပါတီများအားကောင်းစေရေး စသည့်လုပ်ငန်းအသွယ်သွယ်ကို ဦးလည်မသုန် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့မျှမက တပ်မတော်တစ်ရပ် အင်အားတောင့်တင်းခိုင်မာရေးကိုလည်း တစိုက်မတ်မတ်ဦးတည်ဆောင်ရွက်ခဲ့သည်။

တပ်မတော်သည် အခက်အခဲ၊ အကျပ်အတည်းအမျိုးမျိုးကြားမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အတူ ခိုင်မာသည့်ဒီမိုကရေစီအစိုးရတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ခဲ့၏။ လွတ်လပ်ရေးကြိုးပမ်းမှုမှ ပါတီစုံဒီမိုကရေစီစနစ်ပေါ်ထွန်းလာချိန်ထိ တပ်မတော်၏ နိုင်ငံရေးစွမ်းရည်နှင့် စစ်ရေးစွမ်းရည်ကို ကောင်းစွာတွေ့မြင်နိုင်မည်ဖြစ်သည်။ **“ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏”** ဆိုသည့် ကတိသစ္စာအတိုင်း တပ်မတော်သည် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ကို သန္နိဋ္ဌာန်ချ၍ သစ္စာရှိစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် စောင့်ရှောက်သူအဖော်မွန်အဖြစ် အမြဲအသင့်ရှိနေခဲ့သည်။

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအစိုးရ ပထမသက်တမ်းတွင် ပေါ်ပေါက်လာသော အစိုးရနှင့်အတူ ခန့်အပ်ခဲ့သည့် တပ်မတော်အကြီးအကဲများသည် တွဲလက်ညီခဲ့ကြ၏။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် အပြောင်းအလဲတစ်ရပ်ဖြစ်သည်အထိ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတော်နှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ပိုမိုပီပြင်အောင် ပုံဖော်နိုင်ခဲ့သည်။ နိုင်ငံ၏ ပကတိလိုအပ်ချက်ဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးအတွက် စိတ်ရင်းစေတနာမှန်ကန်စွာ အကောင်အထည်ဖော်ဆောင်ခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။ (NCA) သည် ဆွေးနွေးမှုပေါင်းများစွာ အပါအဝင် ပြည်တွင်းပြည်ပ ပညာရှင်များရှေ့မှောက်တွင် အသိသက်သေများနှင့်တကွ ဖြစ်တည်လက်မှတ်ရေးထိုးခဲ့သော သမိုင်းဝင်စာချုပ်တစ်ခုဖြစ်သည်။ မြန်မာ့ငြိမ်းချမ်းရေးခရီးလမ်းအတွက်အခိုင်မာဆုံးသော ကတိကဝတ်သို့မဟုတ် လမ်းတစ်သွယ်ဖြစ်သည်။

ပြည်သူအများ လိုလားသော ငြိမ်းချမ်းရေးလမ်းကို တိုင်းရင်းသားလက်နက်ကိုင်အချို့ လက်ခံလျှောက်လှမ်းခဲ့ကြသည်။ အချို့

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကား ငြိမ်းချမ်းရေးဟူသော ပြည်သူ့ဆန္ဒကို ကျောခိုင်းငြင်းဆန်ခဲ့၏။ ပြည်သူများဘက်က ပြန်ကြည့်လျှင် စိတ်မကောင်းဖွယ်ရာပင်။ ပါတီစုံဒီမိုကရေစီပထမသက်တမ်း၌ ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်နှင့် တိုင်းရင်းသားပြည်သူများ ကြုံတွေ့ခဲ့ရသည်။ ထိုသို့ကြုံတွေ့လာချိန်၌ တပ်မတော်သည် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ကျေပွန်စွာထမ်းဆောင်ပေးခဲ့သည်။ ကျန်းမာရေးကဏ္ဍအတွက် နာဂဒေသကဲ့သို့သော ဝေးလံခေါင်သီသည့်ဒေသများအထိ တပ်မတော်ဆရာဝန်များစေလွှတ်ကာ စောင့်ရှောက်ပေးခြင်း၊ နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် တိုင်းဒေသကြီးများနှင့်ပြည်နယ်များအလိုက်အဖွဲ့များခွဲ၍ စေလွှတ်ပေးခြင်းများဖြင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍရာနှုန်းပြည့် လွှမ်းခြုံနိုင်ရေးကို တစ်ဖက်တစ်လမ်းက ကူညီပေးနိုင်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အစိုးရနှင့်အတူလက်တွဲပြီး အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဆက်လက်ထမ်းဆောင်မည့် အစိုးရထံသို့ တည်ငြိမ်ချောမွေ့စွာ အာဏာလွှဲပြောင်းပေးနိုင်သည်အထိ ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပါတီစုံဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းတွင် ဖြစ်ပေါ်ခဲ့သည့် လောက်ကိုင်ဒေသလက်နက်ကိုင်ပဋိပက္ခ၊ ရခိုင်ပြည်နယ်အရေးပဋိပက္ခများတွင်လည်း ဦးလည်မသုန် ကြိုးပမ်းထမ်းရွက်ပေးခဲ့သည်။ တပ်မတော်သည် စွမ်းရည်ရှိသည့်ခေတ်မီတပ်မတော်တစ်ရပ် (Standard Army) တည်ဆောက်ရေး၊ တပ်တည်ဆောက်ရေးတာဝန်များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဆက်လက်ကြိုးပမ်းထမ်းရွက်နိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုရလဒ်များဖြစ်ပေါ်ခဲ့ပြီး တည်ဆဲအစိုးရအနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းပေးမှုမရှိဘဲ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့ရသည်။ ဤတွင် သမိုင်းက အတိတ်ပုံရိပ်များအတိုင်း တစ်ပတ်ပြန်လည်သွားခဲ့၏။ လမ်းမထွက်ဆန္ဒပြမှု၊ ဆူပူအုံကြွမှုများကတစ်ဆင့် အသိမကြွယ်သည့် လူငယ်များကို အသုံးချကာ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လျှောက်လှမ်းခဲ့ကြ၏။ ထိုအချိန်တွင် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူများသည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကို ခံစားနေရချိန်ဖြစ်သည်။ နိုင်ငံရေးအမြင်မတူမှုကို အခွင့်ကောင်းယူကာ အသိမဲ့စွာ ကျောခိုင်းခဲ့သည့် အချို့သောကျန်းမာရေးဝန်ထမ်းများနေရာ၌ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များကို အစားထိုးကာ ပြည်သူတစ်ရပ်လုံး၏ သက်ရှည်ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ရသည်။ အစိုးရယန္တရားများ ရပ်ဆိုင်းနိုင်သည်အထိ တိုက်ခိုက်လာမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့မှသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့များအထိ စနစ်တကျဖွဲ့စည်း၍ နိုင်ငံတော်၏ အုပ်ချုပ်ရေးမဏ္ဍိုင် မပျက်ယွင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

၂၀၂၂ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များနှင့် ကိုယ်တိုင်တွေ့ဆုံကာ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ် မေလတွင် စတင်ဖြစ်ပွားခဲ့သော မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်တွင်ဖြစ်ပွားခဲ့သော မြန်မာနိုင်ငံအလယ်ပိုင်းရေကြီးရေလျှံမှု၊ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော မန္တလေးမြေငလျင်စသော ကြီးမားသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားမှု၌ နိုင်ငံတော်အကြီးအကဲဖြစ်သည့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် (ကြည်း၊ရေ၊ လေ) တပ်မတော်သားအားလုံးသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်အတွက် မဆုတ်မနစ် ဝိုင်းဝန်းကူညီကြိုးပမ်းထမ်းရွက်ခဲ့သည်။

တစ်ဖက်တွင်လည်း NUG နှင့် သစ္စာမဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ စနက်မီးကြောင့် ကြီးထွားလာသော PDF အကြမ်းဖက်များ၏ အန္တရာယ်ကိုလည်း တားဆီးနှိမ်နင်းရပြန်သည်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ပိတ်ဆို့ခဲ့သော ဆက်သွယ်ရေးလမ်းကြောင်းများ၊ သောင်းကျန်းသူများ လှုပ်ရှားစိုးမိုးနေသော မြို့၊ ရွာများကို ပြန်လည်သိမ်းပိုက်ကာ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ အနိုင်ရရှိသော အစိုးရအား နိုင်ငံတော်၏တာဝန်များကို ပြန်လည်လွှဲပြောင်းပေးမည်ဟူသော လုပ်ငန်းစဉ် သဘောတရားများကို အစဉ်တစိုက်တွေ့ရမည်ဖြစ်သည်။ ဆိုခဲ့စေ မြဲစေ ဆိုသည့်အတိုင်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှ စတင်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အပိုင်းသုံးပိုင်းခွဲ၍ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တပ်မတော်မှ အပြည့်အဝ ဝိုင်းဝန်းကူညီပေးခဲ့သည်။

မြန်မာ့တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် သမိုင်းအစမှ ယနေ့ထက်တိုင် ညီညာရဲရင့်သောသတ္တိသွေးတို့ဖြင့် သစ္စာရှိစွာရပ်တည်ရှင်သန်လျက်ရှိသည်။ နှလုံးသည်းပွတ်မျှ တန်ဖိုးထားအပ်သော ပြည်ထောင်စုအတွက်ဆိုလျှင် သမိုင်းဂုဏ်ရောင်ထွန်းပြောင်သည်အထိ သွေးအသက်တို့ကို နှင်းဆက်ကာ ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ခိုင်ခိုင်မာမာ ယုံကြည်လျက်ရှိပါကြောင်း (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။



**☆ ☆ ☆ လွတ်လပ်ရေးကြိုးပမ်းမှုမှ ပါတီစုံဒီမိုကရေစီစနစ်ပေါ်ထွန်းလာချိန်ထိ တပ်မတော်၏ နိုင်ငံရေးစွမ်းရည်နှင့် စစ်ရေးစွမ်းရည်ကို ကောင်းစွာတွေ့မြင်နိုင်မည်ဖြစ်သည်။ "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏" ဆိုသည့် ကတိသစ္စာအတိုင်း တပ်မတော်သည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို သန္ဓေတည်ကာ သစ္စာရှိစွာဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် စောင့်ရှောက်သူအဖော်မွန်အဖြစ် အမြဲအသင့်ရှိနေခဲ့သည် . . .**

(၈၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုကဗျာ

## ငါသည် စစ်သားဖြစ်ခဲ့၍

★ ခေတ်နည်းပညာ၊ စစ်ဗျူဟာနှင့်
စဉ်လာခိုင်မြဲ၊ သတ္တိဖွဲ့ကြောင့်
အောင်ပွဲသတင်း၊ အောင်မြင်ခြင်းတို့
ဆောင်ကြဉ်းရောက်လာ၊ ထိုရောခါမူ
ဝမ်းသာအားရ၊ နှစ်ထောင်းစွမို့
ဒါမှ "တပ်မတော်"၊ ဟစ်ကြွေးကြော်လျက်
မော်ကြွားမာန်ပါ၊ ပီတိဖြာသည်
ငါသည် စစ်သားဖြစ်ခဲ့၍...။

★ နိုင်ငံချုပ်ခြာ၊ ထိန်းသိမ်းရာတွင်
သူငါအများ၊ နိုင်ငံသားတည့်
ချထားညွှန်းစေ၊ ဥပဒေဖြင့်
မသွေပြဋ္ဌာန်း၊ "ပြည်သူ့စစ်မှုထမ်း"တို့
ရွှင်လန်းတက်ကြွ၊ လေ့ကျင့်ကြနှင့်
ထိုမှဆက်လျှင်၊ စစ်မြေပြင်၌
ပါဝင်တက်ကြွ၊ ရဲစွမ်းပြဟု
သိရစဉ်လည်း၊ ရင်လွှာထဲဝယ်
လှိုက်လှဲဝမ်းသာ၊ ပီတိဖြာသည်
ငါသည် စစ်သားဖြစ်ခဲ့၍...။

★ တိုက်ပွဲကြီးငယ်၊ အသွယ်သွယ်၌
ခင်တွယ်အသက်၊ ဘယ်မတွက်ဘဲ
တက်ကြွဝံ့ရဲ၊ ပိုင်ပိုင်နွှဲ၍
အောင်ပွဲရယူ၊ အောင်လံထူမို့
ဆွတ်ချူ "ဘွဲ့" များ၊ "တံဆိပ်" များလျှင်
ကြားသိရဆဲ၊ ရင်လှိုက်လှဲနှင့်
စွဲငြိလှိုင်လှိုင်၊ ပီတိဖြိုင်ကာ
ကိုယ်တိုင်သော်များ၊ ရသည့်လားသို့
အားတက်ဝမ်းသာ၊ ဖြစ်ရပါသည်
ငါသည် စစ်သားဖြစ်ခဲ့၍...။

★ ယခုသောခါ၊ ရှေ့ဆီမှာလျှင်
ဘယ်ညာချီချ၊ ညီညာစွတည့်
မိုးဝတိုင်ဆီ၊ လျှံတက်သည်သို့
စစ်ချီတေးများ၊ ဌာန်မာန်ကြွား၍
စစ်သားမတ္တ၊ မဟုတ်ကြဘဲ
စားကြသံမှုန်၊ ရန်အစုံကို
အဟုန်ပြင်းစွ၊ ဖြိုခွင်းကြမည့်
အာဂယောက်ျား၊ စစ်သည်များဟု
အားရဝမ်းသာ၊ ပီတိဖြာသည်
ငါသည် စစ်သားဖြစ်ခဲ့၍...။
ရှစ်ဆယ့်တစ်နှစ်မြောက် တပ်မတော်နေ့...။
ဂုဏ်ယူမျက်ရည် သီသီဝေ့...။ ။

မောင်စိမ်းနောင်(လယ်ဝေး)




# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကိုရကြကုန်၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၄၃)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၂၇ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်သည်။

ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ်တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် (၈၁)နှစ်မြောက်


**စာမျက်နှာ ၁၆ ကော်လံ ၁** ✭




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း


စာ - ၃ သို့





# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၂၇ ရက်)

## သမိုင်းအစဉ်အလာကောင်းများနှင့်ပြည့်ဝသည့်တပ်မတော်

“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်” ဆိုသည့်အတိုင်း တပ်မတော်အင်အားတောင့်တင်းခိုင်မာနေလျှင် နိုင်ငံတော်အတွက်အားကိုးဖွယ်ရာဖြစ်သကဲ့သို့ တပ်မတော်တစ်ရပ်မရှိခဲ့လျှင်လည်း နိုင်ငံတော်သည်ဆုံးရှုံးမှုများစွာကြုံတွေ့ရပေမည်။ တပ်မတော်ဆိုသည်မှာ ကြည်းတပ်၊ ရေတပ်၊ လေတပ်ပါဝင်သော နိုင်ငံတော်၏ကာကွယ်ရေးတပ်ပေါင်းစုကိုခေါ်ဆိုခြင်းဖြစ်သည်။ မြန်မာ့သမိုင်းကိုပြန်ပြောင်းလေ့လာတိုင်း အင်အားတောင့်တင်းခိုင်မာသောအင်ပါယာနိုင်ငံတော်များ ထူထောင်နိုင်ခဲ့ခြင်းတွင် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော မျိုးချစ်တပ်မတော်ရှိနေခဲ့သည်ကို ထင်ရှားစွာမြင်တွေ့နိုင်သည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် ကာကွယ်ရေးတပ်ပေါင်းစုကို ခိုင်မာသည်ထက်ခိုင်မာရန်တည်ဆောက်လျက်ရှိသည်မှာ တိုင်းပြည်အင်အားရှိနေစေရေးအတွက်ဖြစ်သည်။ အတိတ်ကာလ၏သမိုင်းဖြစ်စဉ်များအရ တပ်မတော်သည် နိုင်ငံတော်အတွက်မရှိမဖြစ်အဖွဲ့အစည်းဖြစ်ပေရာ အဆိုပါအဖွဲ့အစည်းစဉ်ဆက်မပြတ်အင်အားတောင့်တင်းခိုင်မာနေစေရန်ကြိုးပမ်းတည်ဆောက်နေခြင်းမှာ နိုင်ငံတော်နှင့်နိုင်ငံသားများကောင်းကျိုးဖြစ်ထွန်းစေရေးကို ရည်မျှော်ဆောင်ရွက်နေခြင်းဖြစ်သည်။

တပ်မတော်ကိုခေတ်မီတပ်မတော်အဖြစ်တည်ဆောက်ရာတွင် ခြေလျင်တပ်ရင်းတပ်ဖွဲ့များကိုသာမက တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များ၏စွမ်းရည်၊ စွမ်းအားများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် လူ၊ လက်နက်ဖွဲ့စည်းမှုအဆင့်မြှင့်တင်ခြင်းသာမက တပ်မတော်(ရေ)အတွက် လိုအပ်သည့်စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ခြင်း၊ ဝယ်ယူဖြည့်တင်းခြင်းများအပြင် တပ်မတော်(လေ)အတွက်လိုအပ်သည့် လေယာဉ်၊ ရဟတ်ယာဉ်များရရှိရေးကိုလည်းဆောင်ရွက်ပေးထားသည်။ ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့်လက်ရုံးဝန်ထမ်းတပ်ဖွဲ့ဝင်များတွင် လိုအပ်သည့် လက်နက်စနစ်များအပြင် အခြားလိုအပ်သည့်ဆက်စပ်ပစ္စည်းများကိုဖြည့်တင်းခြင်း၊ ကိုယ်ပိုင်ထုတ်လုပ်ခြင်းတို့ကိုဆောင်ရွက်နိုင်ခဲ့သည်။

တပ်မတော်တစ်ရပ်အနေဖြင့် လူ၊ လက်နက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများကို ကောင်းမွန်စွာဖြည့်ဆည်းပေးထားခြင်းနှင့်အတူ တပ်မတော်သားတို့၏စိတ်ဓာတ်သည်လည်းမြင့်မားနေရမည်ဖြစ်သည်။ မိမိတပ်ကိုချစ်မြတ်နိုးသည့်စိတ်၊ မိမိတပ်ဖွဲ့ကိုချစ်မြတ်နိုးသည့်စိတ်၊ တပ်မတော်ကိုချစ်မြတ်နိုးသည့်စိတ်များရှိနေရမည်ဖြစ်သည်။ တပ်မတော်သားတိုင်းအနေဖြင့် နိုင်ငံတော်ကိုကာကွယ်မည်ဟူသည့်အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနှင့် မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်လာကြသူများဖြစ်သည့်အတွက် မိမိတို့တာဝန်ထမ်းဆောင်မှုအပေါ် ဂုဏ်ယူတန်ဖိုးထားကြရမည်ဖြစ်သည်။ နိုင်ငံတော်နှင့်တပ်မတော်က အားကိုးအားထားပြုရသည့် စစ်သည်တော်ကောင်းများဖြစ်အောင် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဟူသော အခြေခံအရည်အချင်းများပြည့်ဝနေရမည်ဖြစ်သည်။ စိတ်ဓာတ်ပိုင်းဆိုင်ရာတည်ဆောက်မှုနှင့်ပတ်သက်၍ တပ်မတော်သားများအားလုံးအနေဖြင့် တိုင်းပြည်ချစ်စိတ်ရှိပြီး ယုံကြည်ချက်၊ ခံယူချက်ကောင်းရန်လိုသကဲ့သို့ တပ်မတော်၏ယုံကြည်ချက်၊ ခံယူချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူဆောင်ရွက်ကြရမည်ဖြစ်သည်။

တပ်မတော်သည်လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ပေါက်လာပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများကို ပြည်သူနှင့်အတူအောင်မြင်စွာဆင်နွှဲနိုင်ခဲ့သည့် ဂုဏ်ယူဖွယ်ရာသမိုင်းအစဉ်အလာနှင့်ပြည့်စုံသည်။ ဖက်ဆစ်တော်လှန်ရေးစတင်ဆင်နွှဲသည့် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့သည် မြန်မာ့သမိုင်းတွင် မြန်မာတို့အတွက်ကိုယ်ပိုင်ရပ်တည်နိုင်သည့် တပ်မတော်တစ်ရပ်ပေါ်ပေါက်လာသည့်နေ့ဖြစ်သည်။ ထိုနေ့ကိုတပ်မတော်နေ့အဖြစ်သတ်မှတ်ခဲ့သည်မှာ ယခုအခါ (၈၁)နှစ်သို့ရောက်ရှိခဲ့ပြီဖြစ်သည်။

၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များဖြစ်သည့် “(က)အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကိုကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှသွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်ကပါဝင်ထမ်းဆောင်ရေး။ (ခ)နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။ (ဂ)စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကိုလျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကိုမသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါသဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။ (ဃ)တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး”တို့ကို အလေးထားလိုက်နာဆောင်ရွက်ကြရန်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်သည် **သမိုင်းအစဉ်အလာကောင်းများနှင့်ပြည့်ဝသည့်တပ်မတော်**အဖြစ်ဂုဏ်ယူပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၅၇/ ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတက နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | |
|---|---|
| ၁။ ဗိုလ်မှူးဇော်မျိုးနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ ဒေါ်စန်းမော်အေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ ဒေါ်စနေမ | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | |
|---|---|
| ၁။ ဗိုလ်မှူးအောင်နိုင်မိုးလှိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ ဗိုလ်မှူးရဲဇော်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ ဗိုလ်မှူးရှားလူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ ဗိုလ်ကြီးမင်းကြည်ဟိန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ ဗိုလ်သက်ပိုင်မြင့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ ဗိုလ်ပြည့်စုံအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ တတ-၁၂၆၉၁၉ ဒုတိယတပ်ကြပ်သူရိန်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

| | | |
|---|---|---|
| ၁။ မောင်အောင်ဖြိုးပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ မောင်ပိုင်သက်ကျော်(ခ) မောင်မျိုးဇင်သက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ မောင်ကောင်းမင်းထက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ ဦးရဲလင်း | အရပ်သား/ ရိပ်သာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ ဦးကျော်ဇင်ဝင်း | အရပ်သား/ ရိပ်သာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ ဦးကျော်ရဲထွဋ် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ ဦးဇော်မင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ ဦးမောင်ဆွေဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ ဦးနေထက်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ ဦးတင်မိုးဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ ဦးစောဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂။ ဦးဆန်းလင်း | | မကွေးတိုင်းဒေသကြီး |
| ၁၃။ ဦးသူရိန်ထွန်း | | မကွေးတိုင်းဒေသကြီး |
| ၁၄။ ဦးဟိန်းစည်သူ | | မကွေးတိုင်းဒေသကြီး |
| ၁၅။ ဦးစံတင်ဝင်း | | မကွေးတိုင်းဒေသကြီး |
| ၁၆။ ဦးကျော်ဇေဦး | | မကွေးတိုင်းဒေသကြီး |
| ၁၇။ ဦးရန်နိုင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၁၈။ ဦးမျိုးမင်းသူ | | မကွေးတိုင်းဒေသကြီး |
| ၁၉။ ဦးမင်းလွင် | | မကွေးတိုင်းဒေသကြီး |
| ၂၀။ ဦးထက်ဝေဦး | | မကွေးတိုင်းဒေသကြီး |
| ၂၁။ ဦးကျော်လင်းဦး | | မကွေးတိုင်းဒေသကြီး |
| ၂၂။ ဦးဋ္ဌေးလွင် | | မကွေးတိုင်းဒေသကြီး |
| ၂၃။ ဦးမြင့်ခိုင် | | မကွေးတိုင်းဒေသကြီး |
| ၂၄။ ဦးမင်းနိုင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၂၅။ ဦးသန့်ဇင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၂၆။ ဦးလှိုင်မင်းဆွေ | | မကွေးတိုင်းဒေသကြီး |
| ၂၇။ ဦးဟိန်းသန့်ကို | | မကွေးတိုင်းဒေသကြီး |
| ၂၈။ ဦးဇော်မျိုးအောင် | | မကွေးတိုင်းဒေသကြီး |
| ၂၉။ ဦးသိန်းဇော်ဦး | | မကွေးတိုင်းဒေသကြီး |
| ၃၀။ ဦးဇော်မျိုးငြိမ်း | | မကွေးတိုင်းဒေသကြီး |
| ၃၁။ ဦးအေးဇော် | | မကွေးတိုင်းဒေသကြီး |
| ၃၂။ ဦးလင်းထင် | | မကွေးတိုင်းဒေသကြီး |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

နေပြည်တော် မတ် ၂၆

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသုံးကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၁၃ ကျောင်းတို့၌ ၂၀၂၅ ခုနှစ်အောက်တိုဘာလ ၂၇ ရက်မှ ၂၀၂၆ ခုနှစ် မတ်လ ၂၆ ရက်ထိ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခဲ့ရာ စက်မှုကျောင်းများတွင် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၊ အိမ်တွင်းမှုသင်တန်းကျောင်းများတွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၏ သင်တန်းဆင်းပွဲများအား ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။



အလားတူ သင်တန်းဆင်းပွဲများ ကျင်းပသည့် လွိုင်ကော်မြို့အိမ်တွင်းမှုသင်တန်းကျောင်း၊ ဘားအံမြို့အိမ်တွင်းမှုသင်တန်းကျောင်း၊ အောင်ပန်းမြို့ စက်မှုသင်တန်းကျောင်း၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်း၊ လဟယ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်း၊ ဘားအံမြို့ စက်မှုသင်တန်းကျောင်း၊ မြိုင်ကြီးငူအိမ်တွင်းမှုသင်တန်းကျောင်း၊ လပွတ္တာမြို့ အိမ်တွင်းမှုသင်တန်းကျောင်း၊ လပွတ္တာမြို့ စက်မှုသင်တန်းကျောင်း၊ ဆိုက်ခေါင်အိမ်တွင်းမှုသင်တန်းကျောင်း၊ တာချီလိတ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတို့တွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိသင်တန်းကျောင်းများ၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများမှ တာဝန်ရှိသူများ အသီးသီးတက်ရောက်ကြသည်။

အဆိုပါ သင်တန်းကျောင်းများတွင် ဖွင့်လှစ်သည့် သင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၀၈ ဦးဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှ ၂၀၂၆ ခုနှစ် မတ်လ ၂၆ ရက်ထိ ရက်သတ္တ ၂၂ ပတ်ကြာ နေထိုင်စားသောက်ရေးနှင့် လက်တွေ့ခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများပြည့်စုံစွာ အခမဲ့ထောက်ပံ့သင်ကြားပေးခဲ့ပြီး သင်တန်းထူးချွန်ဆုရရှိသူများအား အပ်ချုပ်စက်တစ်စုံစီနှင့် သင်တန်းသား၊ သင်တန်းသူများအတွက် သင်တန်းဆင်းအောင်လက်မှတ်များ အသီးသီးချီးမြှင့်ပေးခဲ့၍ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များ အရစ်ကျရောင်းချပေးခြင်း၊ အလုပ်အကိုင်ရရှိရေးအတွက် မြို့ကြီးများရှိ အထည်ချုပ်စက်ရုံများ၊ စက်မှုဇုန်၊ အလုပ်ရုံ၊ စက်ရုံများနှင့် ဟိုတယ်ဇုန်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေး ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့အချိန်ထိ စက်မှုကျောင်းများတွင် သင်တန်းသား၊ သင်တန်းသူ ၇၀၅၈ ဦးနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင် သင်တန်းသား၊ သင်တန်းသူ ၉၈၁၄၈ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နွေရာသီအခြေခံရေကူးသင်တန်း အမှတ်စဉ်(၁/၂၀၂၆)သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၂၆

ရေကူးအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့်အရေးကြုံက သက်လုံကောင်းစေရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်သည့် နွေရာသီအခြေခံရေကူးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ရေကူးကန်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းသည် အနာဂတ် မျိုးဆက်သစ်လူငယ်များ၏ ကျန်းမာကြံ့ခိုင်မှုမြင့်မားလာစေခြင်းအပြင် ပြည်သူလူထုတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာစေရေး၊ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များ အားကစားနည်းအခြေခံများကို လေ့လာလိုက်စားခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်လာစေရေး၊ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့်မားသည့် အားကစားမောင်မယ်များ ထွက်ပေါ်လာစေရေးတို့ကိုရည်ရွယ်ပြီး ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အသက် ၁၆ နှစ်အထက် အမျိုးသား/အမျိုးသမီး နွေရာသီအခြေခံရေကူးသင်တန်းပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် သင်တန်းသား/သင်တန်းသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များကို ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း၊ အသက် ၁၂ နှစ်အထက် အမျိုးသား/အမျိုးသမီး နွေရာသီအခြေခံရေကူးသင်တန်းပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် သင်တန်းသား/သင်တန်းသူများအား တစ်ဦးချင်းဆုတံဆိပ်၊ အမှတ်တရဂုဏ်ပြုလက်ဆောင်များနှင့် သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုချီးမြှင့်ငွေများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးကလည်းကောင်း၊ အသက် ၁၂ နှစ်အောက် အမျိုးသား/အမျိုးသမီး နွေရာသီအခြေခံရေကူးသင်တန်းပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် သင်တန်းသား/သင်တန်းသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှမင်းထွန်းကလည်းကောင်း၊ နွေရာသီအခြေခံရေကူးသင်တန်းသက်တမ်းအလိုက် အမျိုးသား/အမျိုးသမီးပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့သည့် သင်တန်းသား/သင်တန်းသူများအား ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် အခမဲ့ရေကူးခွင့် Member Card များကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးကလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား/သင်တန်းသူများ၏ သရုပ်ပြရေကူးနေမှုကို ကြည့်ရှုအားပေးကြကြောင်းသိရသည်။

မြဝတီ

# စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်ရှိ ရှေးမူမပျက်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးခဲ့သည့် သကျမုနိသိမ်တော်ကြီးနှင့် ပင်မကျောင်းဆောင်ပြုပြင်ခြင်း ရေစက်ချအလှူတော်မင်္ဂလာကျင်းပပြုလုပ်

နေပြည်တော် မတ် ၂၆

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်ရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော သကျမုနိသိမ်တော်ကြီးနှင့် ပင်မကျောင်းဆောင်တို့အား ရှေးမူမပျက် ပြုပြင်တည်ဆောက်မွမ်းမံပြီးစီးခဲ့သဖြင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းတိုက်ရှိ သိမ်တော်ကြီး၌ပြုလုပ်ရာ ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒသိရီအမှူးပြုသည့် ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ/မြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပညာလင်္ကာရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေကြသည်၊ ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ



ဆရာတော်ထံ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဦးရဲကျော်သူကျောင်းတိုက်ရှိ သကျမုနိသိမ်တော်ကြီးနှင့် ပင်မကျောင်းဆောင်အား ရှေးမူမပျက်ပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ အပ်ငွေလုပ်ငန်းအဖြစ် ငွေကျပ် (၁၀၀၃ ဒသမ ၇၆၈) သန်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြု ရန်ပုံငွေကျပ် (၅၄၃ ဒသမ ၆၂၀) သန်း စုစုပေါင်းငွေကျပ် (၁၅၄၇ ဒသမ ၃၈၈) သန်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အရာရှိ/စစ်သည် မိသားစုဝင်များမှ အုတ်အချပ်ရေ ၂၀၀၀၀ ထည့်ဝင်လှူဒါန်းမှုတို့ဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးလေဝသ သတင်း




# (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်းဦးစီးဌာန ရုံးသစ်ဖွင့်ပွဲကျင်းပ



လွိုင်ကော် မတ် ၂၆

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအဆောက်အအုံသစ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လမ်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ သယံဇာတရေးရာဝန်ကြီးနှင့်လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)တို့က လွိုင်ကော်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)က ရုံးသစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှဘင်ခရာအဖွဲ့အားလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ပန်းဖွားအကအဖွဲ့အားလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ရုံးသစ်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင်ငွေကျပ် ၆၆၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၂၆

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ဈေးနှုန်းအတက်အကျအပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် မတ်လ ၂၇ ရက်မှ ဧပြီလ ၂ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၄၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်၊

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website:www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။

မြဝတီ

❑ **ကျောဖုံးမှအဆက်**

ထိုသို့တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးတို့သည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား တစ်ဦးချင်းလိုက်လံ ဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များကို ရင်းနှီးနွေးထွေးစွာမေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံစဉ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုကဲ့သို့ တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့တက်ရောက်ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ရှိမှု၊ တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိမှုများကို ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစားတပ်မတော်အရာရှိကြီးများက ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရမှု၊ တပ်မတော်၏ ကောင်းမွန်သည့် အစဉ်အလာများနှင့်အညီ မိဘဆရာသမားသဖွယ် ပြုစုကူညီစောင့်ရှောက်မှုများအတွက်လည်း အထူးဝမ်းမြောက်ကျေးဇူးတင်ဂုဏ်ယူလျက်ရှိမှုနှင့် အခြားသြဝါဒစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း) မိသားစုအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ဗိုလ်ချုပ်စိန်ထွား(ငြိမ်း) မိသားစုအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ဗိုလ်မှူးကြီးစိန်ရ(ငြိမ်း) မိသားစုအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၁၇)၊ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၂၅)နှင့် စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၉)သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၆

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၁၇)၏ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဦးစွာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ပါမောက္ခချုပ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၁၄၆ ဦး၊ သင်တန်းသူ ၂၄၃ ဦး၊ စုစုပေါင်း ၃၈၉ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကိုဖေဖော်ဝါရီလ ၂ ရက်မှ မတ်လ ၂၆ ရက်ထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထို့နောက် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၅)၏ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရှိ စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၉၁ ဦး၊ သင်တန်းသူ ၁၁၇ ဦး၊ စုစုပေါင်း ၂၀၈ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကိုဖေဖော်ဝါရီလ ၂ ရက်မှ မတ်လ ၂၆ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ယင်းနောက် စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၉)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ ရတနာသိင်္ခ ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၂၆ ဦး၊ သင်တန်းသူ ၆၅ ဦး၊ စုစုပေါင်း ၉၁ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကို ဖေဖော်ဝါရီလ ၂ ရက်မှ မတ်လ၂၆ ရက်ထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြဝတီ

## ထူးခြားသည့်နေ့အပူချိန်များ

၂၆-၃-၂၀၂၆

| | | | | |
|---|---|---|---|---|
| မင်းဘူး | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေကျင် | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |

(လေကြောင်းမိုးလေဝသ)

# (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဂါရဝပြုကန်တော့





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗိုလ်ချုပ်ကြီးသိန်းစိန်(အငြိမ်းစား)ထံ ဂါရဝပြုလက်ဆောင် ပစ္စည်းကို ကိုယ်တိုင်ကိုယ်ကျရိုသေစွာ ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က အငြိမ်းစားတပ်မတော်အရာရှိ ကြီးများနှင့်ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ကန်တော့ခံအငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီးသိန်းစိန် (အငြိမ်းစား)က သြဝါဒစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၆**

၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကျရောက်မည့်(၈၁)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား တပ်မတော်အရာရှိကြီးများအား တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက ဂါရဝပြု ကန်တော့သည့် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင် ရိပ်သာ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစားတပ်မတော်အရာရှိကြီး ၁၈ ဦးနှင့်ဇနီး ၉ ဦး၊ စုစုပေါင်း ၂၇ ဦးတို့ ကန်တော့ခံတက်ရောက်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက

**စာမျက်နှာ ၇ သို့ ◆**

**❖ ယခုအချိန်အထိ နိုင်ငံတော်ကိုဦးဆောင်နိုင်ခြင်းသည်၊ တပ်မတော်က နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ခြင်းသည် ခေတ်အဆက်ဆက် လွတ်လပ်ရေးမတိုင်မီ၊ လွတ်လပ်ရေး ရပြီးနှင့်လက်ရှိကာလအထိ အဆင့်ဆင့်သော တပ်မတော်ခေါင်းဆောင်ကြီးများ၊ အမိအဖ၊ ဆရာ သမားများ၏ သွန်သင်ဆုံးမမှုများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ အဆင့်ဆင့်လက်ဆင့်ကမ်း သွန်သင်ဆုံးမမှုများကြောင့်ရပ်တည်နိုင်ခဲ့ခြင်းဖြစ် . . .**

◆ စာမျက်နှာ ၆ မှအဆက်

တက်ရောက်ဂါရဝပြုကန်တော့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဂါရဝပြုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို တက်ရောက်ရန် ရောက်ရှိနေကြသည့်တပ်မတော်၏အမိအဖ၊ ဆရာသမားများအားလုံးကို နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ရှိသေစွာနှုတ်ခွန်းဆက်သဂါရဝပြုပါကြောင်း၊ (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို ဂုဏ်ယူစွာတက်ရောက်လာကြသည့် တပ်မတော်၏ အမိအဖ၊ ဆရာသမားများအားလုံးကို စုံစုံညီညီတွေ့ဆုံရသည့်အတွက် တပ်မတော်တစ်ရပ်လုံးကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ ယခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသည် ထူးခြားသည့်အခမ်းအနားဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ တပ်မတော်နေ့အခမ်းအနားမတိုင်မီကာလတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်က ဦးဆောင်ကျင်းပသည့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းဖြင့် ၂၆၃ မြို့နယ်တွင်ကျင်းပခဲ့ရာ မဲပေးခွင့်ရှိသည့် လူဦးရေ၏ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းမိမိဆန္ဒအလျောက် စည်းကမ်းစနစ်တကျဖြင့် လာရောက်ဆန္ဒမဲပေးခဲ့ကြသည်အထိ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများကလည်း မိမိတို့၏ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်အကျိုးကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်သည့် ပါတီနှင့်လူပုဂ္ဂိုလ်တို့ကို ယုံကြည်ချက်ဖြင့် ရွေးချယ်မဲပေးခဲ့ကြကြောင်း၊ ယခုအခါ ပြည်သူများက ရွေးချယ်ပေးခဲ့ကြသည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ အသီးသီး၌လုပ်ငန်းများ စတင်ဆောင်ရွက်နေကြပြီဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ကာ ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ အဆိုပါပေါ်ထွန်းလာမည့် ဒီမိုကရေစီအစိုးရအသစ်အား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း။

အလားတူ တပ်မတော်အပိုင်းတွင်လည်း (၈၁)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားပြီးဆုံးသည့် နောက်ပိုင်းတွင် ခေါင်းဆောင်ပိုင်းအပြောင်းအလဲများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ မည်သူဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တပ်မတော်၏ ခေါင်းဆောင်အစဉ်အဆက်၊ သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာများ၏ လမ်းညွှန်ချက်များအတိုင်း၊ စစ်ပညာရပ်များအတိုင်း၊ ချမှတ်ထားသည့်မူဝါဒလမ်းစဉ်များအတိုင်း ဆက်လက်လျှောက်လှမ်းကြမည်ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဆက်လက်၍တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီလည်း လက်တွဲညီညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ နိုင်ငံတော်ကို ဦးဆောင်နိုင်ခြင်းသည်၊ တပ်မတော်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ခြင်းသည်ခေတ်အဆက်ဆက် လွတ်လပ်ရေးမတိုင်မီ၊ လွတ်လပ်ရေးရပြီးနှင့် လက်ရှိကာလအထိအဆင့်ဆင့်သော တပ်မတော်ခေါင်းဆောင်ကြီးများ၊ အမိအဖ၊ ဆရာသမားများ၏ သွန်သင်ဆုံးမမှုများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ အဆင့်ဆင့်လက်ဆင့်ကမ်းသွန်သင်ဆုံးမမှုများကြောင့် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း မိမိတို့၏ တပ်မတော်ကို တပ်မတော်၏အမိအဖများ အားလုံးနှင့်သင်ဆရာ၊မြင်ဆရာ၊ကြားဆရာအားလုံးတို့က ကောင်းမွန်သောလမ်းညွှန်ဆုံးမမှုများပြုပေးနိုင်ပါရန် တပ်မတော်သားများနှင့် မိသားစုဝင်များကိုယ်စား ပန်ကြားလိုပါကြောင်း၊ မည်သူဦးဆောင်သည်ဖြစ်စေ တပ်မတော်သာအမိ၊ တပ်မတော်သာအဖဖြစ်ပြီး အဆင့်ဆင့်သော ခေါင်းဆောင်မှုများနှင့် ချမှတ်ထားသော လမ်းညွှန်ချက်များကိုတစ်သဝေမတိမ်း လိုက်နာပါက အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ပြီး ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်စောင့်ထိန်း၍ နိုင်ငံတော်အစိုးရ၏ချမှတ်ထားသည့် မူဝါဒဘောင်အတွင်းမှ တိုင်းပြည်၏တာဝန်ကိုကျေပွန်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီရိုသေစွာ ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံအငြိမ်းစား တပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီးသိန်းစိန် (အငြိမ်းစား)က တပ်မတော်နေ့ရောက်တိုင်း တပ်မတော်တွင် တာဝန်အသီးသီးထမ်းဆောင်ခဲ့သူများအား ဖိတ်ကြားကန်တော့ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာတစ်ရပ်ဖြစ်ကြောင်း၊ တပ်မတော်ကြီးသည် ထာဝစဉ်နုပျိုနေရန်လိုအပ်ပြီး အရည်အချင်းပြည့်ဝသည့် တပ်မတော်၊ အင်အားပြည့်ဝသည့် တပ်မတော်၊ စွမ်းအင်ထက်မြက်သည့် တပ်မတော်ဖြစ်နေရန် လိုအပ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ထွက်လာမည်ဖြစ်ပြီး အဆိုပါအစိုးရသည် တိုင်းပြည်ကောင်းမွန်စေရန်၊ တရားဥပဒေစိုးမိုးရန်၊ ပြည်သူလူထု၏ စားဝတ်နေရေး အဆင်ပြေရန်နှင့် နိုင်ငံလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တိုင်းပြည်တည်ငြိမ်အေးချမ်းရန်လိုအပ်သည့်အတွက် တပ်မတော်၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ ထို့ကြောင့် တပ်မတော်၏အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စွမ်းရည်ပြည့်စုံသည့် တပ်မတော်ဖြစ်အောင်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျရိုသေစွာဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများသည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

တောင်ကြီး မတ် ၂၆

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၌ ကျင်းပသည်။

အစီအစဉ်အရ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်က ပြည်နယ်လွှတ်တော်သို့တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၉၉ ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၃၃ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၃၂ဦး ရှိသည့် အနက် ၁၂၈ ဦးတက်ရောက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၉၇ ရာခိုင်နှုန်း ရှိသည့်အတွက်ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းကိုဆောင်ရွက်၍ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ကိုရယူခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးထံမှပေးပို့သော သဝဏ်လွှာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်ခဲ့သည်။

၎င်းနောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်က ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီတွင်ထည့်သွင်းဖွဲ့စည်းမည့် ကော်မတီဥက္ကဋ္ဌအဖြစ် ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒီဂေါလ်၊ အတွင်းရေးမှူးအဖြစ် မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းပါ အဖွဲ့ဝင် ၁၂ ဦး၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်ပြခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်လျာထားချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်လျာထားချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီ၏သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ဖတ်ကြားရှင်းလင်းတင်ပြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာကဏ္ဍအလိုက် အမည်စာရင်းများဖတ်ကြားတင်ပြခဲ့သည်။

ယင်းနောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ကို ၂၀၂၆ ခုနှစ် မတ်လ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ကြောင်း သိရှိရသည်။ **စိုင်းအယ်ဘဲ**

■ **ကျောဖုံးမှအဆက်**

မြန်မာအသင်းပွဲစကတည်းကတိုက်စစ်ဖွင့်ကာ အာဖဂန်နစ္စတန်အသင်းကို ဖိအားပေးကစားခဲ့သည့်အတွက် အာဖဂန်နစ္စတန်အသင်း ခံစစ်ဖြင့်ရင်ဆိုင်ကာ ရရှိသည့်အခွင့်အရေးမှတစ်ဆင့် တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့ရသည်။ မြန်မာအသင်းကစားသမားများ ဂိုးဧရိယာအတွင်း အကြိမ်ကြိမ် ထိုးဖောက်နိုင်ခဲ့ပေမယ့် အာဖဂန်နစ္စတန်အသင်းနောက်တန်းနှင့် ဂိုးသမားကီဗင်တို့ကို မကျော်နိုင်သည့်အတွက် ဂိုးမရရှိခဲ့ပေ။ ပွဲကစားချိန် ၁၀ မိနစ်တွင် မြန်မာကစားသမားများ၏နားလည်မှုလွဲမှားမှုမှတစ်ဆင့် တိုက်စစ်မှူး အိုမစ်ပိုပယ်ဇေက အာဖဂန်နစ္စတန်အသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူသွားခဲ့သည်။

ပြိုင်ဘက်ကိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့သည့်မြန်မာအသင်း ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရ၍ ပွဲအလှည့်အပြောင်းဖြစ်ခဲ့ပြီး ပြိုင်ဆိုင်မှုပိုပြင်းထန်လာသည်။ ချေပဂိုးရရှိရေး မြန်မာအသင်းတိုက်စစ်အားမလျှော့ဘဲ ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ အာဖဂန်နစ္စတန်အသင်း အကောင်းဆုံးဟန့်တားကာကွယ်နိုင်ခဲ့သော်လည်း ပွဲကစားချိန် ၄၄ မိနစ်အရောက်တွင် ဟိန်းထက်အောင်၊ ဝေလင်းအောင်တို့၏ အချိတ်အဆက်မှ သန်းပိုင်က ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့၍ တစ်ဖက်တစ်ဂိုးစီဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းတိုက်စစ်ဆင်ကစားခဲ့သော်လည်းပွဲကစားချိန်ကြာလာသည်နှင့် တိုက်စစ်အားကျလာကာ ပြိုင်ဘက်အသင်း၏ တစ်ဖန်ပြန်ဖိအားပေးကစားလာမှုကိုခုခံကစားခဲ့ရသည်။ ပွဲကစားချိန် ၅၇ မိနစ်တွင် နာဝစ်၏ကန်သွင်းမှုကောင်းခဲ့သော်လည်း ဆန်းဆက်နိုင်၏ ပုတ်ထုတ်ကာကွယ်မှုကောင်းခဲ့ခြင်းကြောင့် မြန်မာအသင်းဂိုးထပ်မံမပေးခဲ့ရခြင်းဖြစ်သည်။ ပွဲကစားချိန် မိနစ် ၆၀ တွင်မူဆာဝီနှင့် ပွဲကစားချိန် ၆၈ မိနစ်တွင် ဆာဝါရီတို့၏ကန်သွင်းမှုလွဲချော်ခဲ့၍ မြန်မာအသင်းသက်သာရာရခဲ့သည်။ ပွဲကစားချိန် ၇၃ မိနစ်တွင် လူစားဝင်ကစားသမား ရဲရင့်အောင်၏ဖန်တီးပေးပို့မှုမှတစ်ဆင့် လူစားဝင်ကစားသမား ခွန်ကျော်ဇင်ဟိန်းက မြန်မာအသင်းအတွက် အနိုင်ဂိုးကိုသွင်းယူပေးနိုင်ခဲ့၍ ပွဲအပြီးတွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို ၂ ဂိုး ၁ ဂိုး ဖြင့်အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့၏ ပထမအကြော့တွေ့ဆုံမှုတွင်လည်း မြန်မာအသင်းက ၂ ဂိုး ၁ ဂိုး ဖြင့်အနိုင်ရရှိခဲ့ပြီး ယင်းပြိုင်ပွဲတွင် အာဖဂန်နစ္စတန်အသင်းက ယနေ့ပြိုင်ပွဲကဲ့သို့ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း သန်းပိုင်၏ချေပဂိုးနှင့် မောင်မောင်လွင်၏ အနိုင်ဂိုးတို့ဖြင့် မြန်မာအသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **ဝန်းရံခ**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

## လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှစ်ရပ်ဖွဲ့စည်းမှု အတည်ပြု



တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

**နေပြည်တော် မတ် ၂၆**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီထံသို့ နိုင်ငံတကာမှ ပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီနှင့်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှစ်ရပ်ဖွဲ့စည်းမှုကို လွှတ်တော်၏အတည်ပြုချက်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၃ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၇၀ တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၂၀ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက်အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီးနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌတို့က ပေးပို့လာသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း၊ အတွင်းရေးမှူးအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကိုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့ နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦး၊ အတွင်းရေးမှူးအဖြစ် ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း အပါအဝင်အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကိုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို လွှတ်တော်အခွင့်အရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးပဉ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

### ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | တပ်ကုန်းမဲဆန္ဒနယ် | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| ၂။ | တောင်ငူမဲဆန္ဒနယ် | ဒေါက်တာ ကျော်ဦး | အဖွဲ့ဝင် |
| ၃။ | ပုဗ္ဗသီရိမဲဆန္ဒနယ် | ဦးလှဆွေ | အဖွဲ့ဝင် |
| ၄။ | မူဆယ်မဲဆန္ဒနယ် | ဦးအောင်ဇော်မိုး(ခ)<br>ဦးအောင်ဇော်မိုးထွန်း | အဖွဲ့ဝင် |
| ၅။ | ကော့မှူးမဲဆန္ဒနယ် | ဦးအောင်မျိုးသန်း | အဖွဲ့ဝင် |
| ၆။ | ဒိုက်ဦးမဲဆန္ဒနယ် | ဒေါ်သိင်္ဂီမြင့်ရည် | အဖွဲ့ဝင် |
| ၇။ | ဖျာပုံမဲဆန္ဒနယ် | ဒေါ်စိုးစိုးရီ | အဖွဲ့ဝင် |
| ၈။ | မင်းတုန်းမဲဆန္ဒနယ် | ဦးစိုးနိုင် | အဖွဲ့ဝင် |
| ၉။ | ဖာပွန်မဲဆန္ဒနယ် | ဦးစောဝင်းထိန် | အဖွဲ့ဝင် |
| ၁၀။ | ဝါးခယ်မမဲဆန္ဒနယ် | ဦးသိန်းနိုင် | အဖွဲ့ဝင် |
| ၁၁။ | မြို့သစ်မဲဆန္ဒနယ် | ဦးစိုးဝင်း | အဖွဲ့ဝင် |
| ၁၂။ | ခန္တီးမဲဆန္ဒနယ် | ဦးဂုဏ်ဝမ်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်ချုပ်ကျော်ရဲသူ | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး<br>တင်သောင်းလင်း | အဖွဲ့ဝင် |
| ၁၅။ | ထားဝယ်မဲဆန္ဒနယ် | ဒေါက်တာ ကျော်ကျော်ဌေး | အတွင်းရေးမှူး |

### ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကျိုင်းတုံမဲဆန္ဒနယ် | ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ |
| ၂။ | ပဲခူးမဲဆန္ဒနယ် | ဦးမင်းခန့်ကျော် | အဖွဲ့ဝင် |
| ၃။ | ဖောင်းပြင်မဲဆန္ဒနယ် | ဦးခင်မောင်ထွန်း | အဖွဲ့ဝင် |
| ၄။ | ဘုတ်ပြင်းမဲဆန္ဒနယ် | ဦးအောင်လင်းလှိုင် | အဖွဲ့ဝင် |
| ၅။ | ကျွန်းစုမဲဆန္ဒနယ် | ဦးအောင်ကျော်နှင်း | အဖွဲ့ဝင် |
| ၆။ | ကလောမဲဆန္ဒနယ် | ဒေါက်တာ နန္ဒာလှမြင့် | အဖွဲ့ဝင် |
| ၇။ | တမူးမဲဆန္ဒနယ် | ဦးအောင်ကိုလတ် | အဖွဲ့ဝင် |
| ၈။ | တောင်သာမဲဆန္ဒနယ် | ဦးတိုးဝင်း | အဖွဲ့ဝင် |
| ၉။ | ပေါင်းတည်မဲဆန္ဒနယ် | ဒေါ်ဆွေဆွေသင်း | အဖွဲ့ဝင် |
| ၁၀။ | ဗိုလ်တထောင်မဲဆန္ဒနယ် | ဦးဉာဏ်ဝင်းထိုက် | အဖွဲ့ဝင် |
| ၁၁။ | ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် | ဒေါ်စမ်းစမ်းဌေး | အဖွဲ့ဝင် |
| ၁၂။ | ကျောင်းကုန်းမဲဆန္ဒနယ် | ဒေါက်တာ ထိန်ဝင်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ်အောင်စိုး | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီးလှနိုင် | အဖွဲ့ဝင် |
| ၁၅။ | ပုသိမ်မဲဆန္ဒနယ် | ဦးသန်းထွန်း | အတွင်းရေးမှူး |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀˚c | / | ၃၈˚c |
| ရန်ကုန် | ၂၂˚c | / | ၃၈˚c |
| မန္တလေး | ၂၁˚c | / | ၃၈˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**၂၆-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**

(Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ



တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်။

နေပြည်တော် မတ် ၂၆

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၂၁၃ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နွယ်နွယ်ဦး၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇင်မင်းထက်အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးချစ်ဆွေ၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းအောင်အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ Jeng Phang နော်တောင်၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်တင်မြင့် အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် လွှတ်တော်အခွင့်အရေး ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှသိန်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရန်နိုင်ဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေး ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက်တတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

### အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဒေါ်နွယ်နွယ်ဦး | ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | **ဥက္ကဋ္ဌ** |
| ၂။ | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၃။ | ဦးရှားရယ် | ကယားပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၄။ | ဦးသန်းထွန်း | ရခိုင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဒေါ်ဇင်ပပဦး | ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၆။ | ဦးခိုင်ဝင်းအောင် | ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၇။ | ဦးဟိန်းမင်းဦး | မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၈။ | ဦးမိုးမြင့် | တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၉။ | ဦးအေးပိုင် | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၁၀။ | ဒေါ်ကျိန်ဇိုက်မန် | ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၁။ | ဦးစိုးကြည် | တနင်္သာရီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | ဗိုလ်မှူးချုပ်မြင့်သောင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးကြီးလှိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်ကြီးဒေါ်ဖြိုးဖြိုးဝေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးဇင်မင်းထက် | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | **အတွင်းရေးမှူး** |

### အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးချစ်ဆွေ | ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | **ဥက္ကဋ္ဌ** |
| ၂။ | ဒေါ်သိင်္ဂီဝင်းရွှေ | စစ်ကိုင်းတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၃။ | ဒေါ်မီမီကျော်ထွန်း | ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၄။ | ဦးချစ်ဝေ | ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၅။ | ဦးဗိုလ်သိန်းနိုင် | မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၆။ | ဒေါ်အေးချမ်းမုံ | မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၇။ | ဦးကျော်ကျော်လင်း (ခ) ဦးထိန်လင်း | မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၈။ | ဒေါ်ထားထားနု | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |

စာမျက်နှာ ၁၀ သို့ ➔

→ စာမျက်နှာ ၉ မှအဆက်

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၉။ | ဦးအောင်ကျော်မင်း | ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၁၀။ | ဦးဇော်ဇော်မြင့် | ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်စိုးစိုးမြင့် | မွန်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | ခွန်ဝင်းဦး | ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးချုပ်ဝင်းကိုကို | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးကြီးဖြိုးမင်းဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးသန်းအောင် | တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | **အတွင်းရေးမှူး** |

## အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | Jeng Phang နော်တောင် | ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | **ဥက္ကဋ္ဌ** |
| ၂။ | ဒေါက်တာကျော်ထွန်း | ရှမ်းပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၃။ | ဦးရဲမြင့်ထွန်း | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၄။ | ဦးတင့်ဇော် | ရန်ကုန်တိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဦးခင်ဇော်ထွန်း | ကရင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၆။ | ဒေါ်နီနီမာ | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၇။ | ဦးကျော်တင် | မန္တလေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၈။ | ဦးသိန်းဇော် | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်မင်းနိုင် | ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၀။ | ဦးခင်မောင်ဌေး | မကွေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်မြမြသက် | ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | စိုင်းဝင်းခိုင် | ရှမ်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်ချုပ်ကျော်သူရအေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးကြီးစိုးရွှေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးအောင်တင်မြင့် | ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | **အတွင်းရေးမှူး** |

## အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | **ဥက္ကဋ္ဌ** |
| ၂။ | ဒေါ်ခင်ရွှေမြင့် (ခ) ဒေါ်နှောင်းထွေး | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၃။ | ဦးအောင်စိုး | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၄။ | ဒေါ်ကျော့ယဉ်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဦးကျော်စိန်လှ | ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၆။ | ဒေါ်ယဉ်မင်းထိုက် | မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၇။ | ဦးဖြိုးဝေလင်း | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၈။ | ဦးခင်မောင်တင့် | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်သီဟ | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၁၀။ | ဦးခင်မောင်သန်း | မကွေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၁၁။ | ဦးဇော်မင်းထူး | ကယားပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | စောမြတ်ထွဋ်ဝင်း (ခ) ကိုဆို | ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးချုပ်အောင်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးရန်နိုင်ဦး | ရန်ကုန်တိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | **အတွင်းရေးမှူး** |

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၃-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၄၅၀ | ၄၅၆၅ | ၄၅၃၀ | ၄၄၆၅ | ၄၅၇၀ | ၄၅၈၅ | ၄၆၀၅ | ၄၅၂၀ | ၄၅၀၅ | ၄၈၀၅ | ၄၅၄၀ | ၄၈၂၅ | ၄၆၁၀ | ၄၅၇၅ | ၄၆၀၀ | ၄၈၅၅ |
| 95 Ron | ၄၉၇၅ | ၅၀၉၀ | ၅၀၅၅ | ၄၉၉၀ | ၅၀၉၅ | ၅၁၁၀ | ၅၁၃၀ | ၅၀၄၅ | ၄၅၆၀ | ၅၁၄၀ | ၅၀၆၅ | ၅၁၉၅ | ၅၁၃၅ | ၅၁၀၀ | ၅၁၂၅ | ၅၃၈၀ |
| HSD (500 ppm) | ၅၄၅၀ | ၅၅၆၅ | ၅၅၃၀ | ၅၄၆၅ | ၅၅၇၀ | ၅၅၈၅ | ၅၆၀၅ | ၅၅၂၀ | - | ၅၈၀၅ | ၅၅၄၀ | ၆၃၉၅ | ၅၆၁၀ | ၅၅၇၅ | ၅၆၀၀ | ၅၈၅၅ |
| HSD (50 ppm) | ၆၀၈၅ | ၆၂၀၀ | ၆၁၆၅ | ၆၁၀၀ | ၆၂၀၅ | ၆၂၂၀ | ၆၂၄၀ | ၆၁၅၅ | ၄၈၃၀ | ၆၄၅၀ | ၆၁၇၅ | ၆၄၂၀ | ၆၂၄၅ | ၆၂၁၀ | ၆၂၃၀ | ၆၄၉၀ |
| HSD (10 ppm) | ၆၀၈၅ | ၆၂၀၀ | ၆၁၆၅ | ၆၁၀၀ | ၆၂၀၅ | ၆၂၂၀ | ၆၂၄၀ | ၆၁၅၅ | - | ၆၄၅၀ | ၆၁၇၅ | ၆၄၂၀ | ၆၂၄၅ | ၆၂၁၀ | ၆၂၃၀ | ၆၄၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၃၄ | ၄၃၅၂ |
| 95 Ron | ၄၇၄၂ | ၄၈၇၀ |
| HSD (500 ppm) | ၅၂၀၂ | ၅၃၃၆ |
| HSD (50 ppm) | ၅၈၁၆ | ၅၉၆၂ |
| HSD (10 ppm) | ၅၈၁၆ | ၅၉၆၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၉၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အမျိုးသားနိုင်ငံရေးတာဝန်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၆ (စ)မှာ “နိုင်ငံတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက်ဦးတည်သည်” ဆိုတဲ့ပြဋ္ဌာန်းချက်နဲ့အညီ ဒို့တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးတာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်လျက်ရှိတယ်။ အမျိုးသားနိုင်ငံရေးဆိုတာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး သုံးပါးအပေါ်မှာအခြေခံပြီး နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့အကျိုးစီးပွားကိုသာ အစဉ်ရှေးရှု ဖော်ဆောင်ဖို့ရည်ရွယ်တဲ့ ထာဝရတည်မြဲသောနိုင်ငံရေးပဲဖြစ်တယ်။

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအခါ ပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)

၂၇.၃.၂၀၂၅



# (၈၁) နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင်ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်

နေပြည်တော် မတ် ၂၆

(၈၁) နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် “တိမ်ပင်လယ်ခရီးကြမ်း” ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့်အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက “တိမ်ပင်လယ်ခရီးကြမ်း” ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်များဖြစ်ကြသည့် နက္ခတ်၊ ထူးခန့်ကျော်၊ နေနော်၊ မြဲယာ၊ အောင်ကျော်ထွန်း၊ စိုးသီဟ၊ နက်ရှိုင်းကို၊ နေလင်းရှိန်၊ ပိုင်အုပ်စိုးအောင်၊ ခိုင်ဇော်နှင့် ဉာဏ၊ ဇာတ်လမ်း/ ဇာတ်ညွှန်း လင်းထင်မောင်မောင်၊ တွဲဖက်ဒါရိုက်တာ လေးနိုင်မိုး၊ စီစဉ်ကြီးကြပ်သူ အောင်ကျော်ဦး၊ Production Team သူရကိုကို၊ Stunt Team မိုးစက်၊ ဂီတမှူး ဗညားရဲရင့်နှင့် ဒါရိုက်တာ အကယ်ဒမီ တင်အောင်စိုး(ပန်းမြို့တော်) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက (၈၁) နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင်ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ယင်းနောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်းက (၈၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲများတွင် စစ်ချီသီချင်းပြိုင်ပွဲ၌ ပထမဆုရရှိသူ အောင်ဇော်ဦး(ရဲတီးဝိုင်း)၊ ဒုတိယဆုရရှိသူ မိုးမြင့်ဦး(လုပ်သား-ရူပ)၊ တတိယဆုရရှိသူ ခန့်ငြား(ကေတုမတီ)၊ စတုတ္ထဆုရရှိသူ ဇော်မျိုးထွန်း(အုပ်ခွဲတပ်ကြပ်ကြီး)၊ ပဉ္စမဆုရရှိသူ ဗိုလ်ထိန် (မီးသတ်)၊ စစ်သည်တေးသီချင်းပြိုင်ပွဲ၌ ပထမဆုရရှိသူ စုစုဇော်(သီရိခေတ္တရာ)၊ ဒုတိယဆုရရှိသူ ခင်မြမ်းချမ်းစိုး(သဇင် FM)၊ တတိယဆုရရှိသူ ကျော်ဆွေအောင်၊ စတုတ္ထဆုရရှိသူ ကေသီအောင်၊ ပဉ္စမဆုရရှိသူ လှိုင်ဝင်းထွန်း၊ ကဗျာ(ဝါသနာရှင်)ပြိုင်ပွဲ၌ ပထမဆုရရှိသူ ထွန်းထွန်း(လားရှိုး)၊ ဒုတိယဆုရရှိသူ မြတ်မင်းသန့်၊ တတိယဆုရရှိသူ ရဲကျော်၊ စတုတ္ထဆုရရှိသူ ကြေးမုံဖြိုးသန့် (ရွှေရတု)၊ ပဉ္စမဆုရရှိသူ ထာဝရမွန်(ဂုဏ်ထူးတန်း) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း။

တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က (၈၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ကဗျာ(အလွတ်တန်း)၌ ပထမဆုရရှိသူ ရဲမင်းစိုး၊ ဒုတိယဆုရရှိသူ မြတ်ထွဏ်းနောင်၊ တတိယဆုရရှိသူ မျိုးစစ်သည်၊ စတုတ္ထဆုရရှိသူ ဘုန်းမောင်ဝင်း (ဖျာပုံ)၊ ဝတ္ထုတို(ဝါသနာရှင်)၌ ပထမဆုရရှိသူ မနောဖြူ၊ ဒုတိယဆုရရှိသူ မနောသစ် (ပခုက္ကူ)၊ တတိယဆုရရှိသူ ရဲမွန်ကျော်၊ စတုတ္ထဆုရရှိသူ မောင်အေးချမ်း(ဓနုဖြူ)၊ ပဉ္စမဆုရရှိသူ ကိုစော(ပထဝီဝင်)၊ ဝတ္ထုတို (အလွတ်တန်း)၌ ပထမဆုရရှိသူ ကျော်တေဇ (ဥက္ကလာ)၊ ဒုတိယဆုရရှိသူ မုန်းမောင်မောင်၊ တတိယဆုရရှိသူ နွေးထက်လှိုင်၊ စတုတ္ထဆုရရှိသူ မင်းလပြည့်(ဟားခါး)၊ ပဉ္စမဆုရရှိသူ မောင်မောင်လွင်(ရွှေဘိုသား) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း။

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ရဲရင့်အောင်က (၈၁) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ဝတ္ထုရှည်(ဝါသနာရှင်)၌ ပထမဆုရရှိသူ အမောင်၊ ဒုတိယဆုရရှိသူ ရှားမိန်း၊ တတိယဆုရရှိသူ ကျော်စိုး(ဒိုက်ဦး)၊ စတုတ္ထဆုရရှိသူ ဟန်ညွန့်(ယင်းကျေးမှု)၊ ပဉ္စမဆုရရှိသူ တင်ဦး(ရန်ကင်း)၊ ဝတ္ထုရှည်(အလွတ်တန်း)၌ ပထမဆုရရှိသူ ပိုင်ဇင်ဇော်(သတ္တု)၊ ဒုတိယဆုရရှိသူ ခန့်ပိုင်၊ တတိယဆုရရှိသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ စတုတ္ထဆုရရှိသူ မောင်စုးရှ(အနောက်ရိုးမ)၊ ပဉ္စမဆုရရှိသူ ရဲခေါင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တက်



စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက “တိမ်ပင်လယ်ခရီးကြမ်း”ဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် သရုပ်ဆောင်နက္ခတ်အား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့် အတူ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေ လေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

(၈၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများတပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ်မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားမင်းမြတ် သုံးပါးရုပ်တုတို့အား အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု အပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား **မတ်လ ၂၇ ရက်မှ ၃၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ** ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ**

## အစိုးရဓမ္မာစရိယစာမေးပွဲ (စတုတ္ထနေ့) ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ (စတုတ္ထနေ့)ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၉၄၉၆ ပါး/ဦးအနက် ၇၂၆၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၄၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

# အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် စက်သုံးဆီရောင်းချပေးသွားမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်ခြင်း

စက်သုံးဆီဝယ်ယူရာတွင် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ပြီး ပိုမို၍ပြည့်စုံသည့်စနစ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့များတွင် ၂၇-၃-၂၀၂၆ ရက်နေ့မှစ၍ ရောင်းချသွားမည်ဖြစ်ပြီး ကျန်မြို့များတွင်လည်း ယခုစနစ်အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စနစ်အားအသုံးပြုရာတွင် မော်တော်ယာဉ်၏ Wheel Tax တွင် အာမခံမှုအမှတ်အသား(Hologram)ပါရှိမှသာ အရောင်းဆိုင်ဝန်ထမ်းက Scan ဖတ်မည်ဖြစ်ပါသည်။




ယင်းအချိန်တွင် Gas ကားဖြစ်ပါက **"Gas ဆိုင်တွင်သာ ဝယ်ယူရန်"** စာသားပေါ်လာမည်ဖြစ်ပါသည်။

Gas ဆိုင်တွင်သာ ဝယ်ယူရန်

ဓာတ်ဆီ၊ ဒီဇယ်ဆီကားများဖြစ်ပါက မော်တော်ယာဉ်နံပါတ်၊ တစ်ပတ်အတွင်းဝယ်ယူခွင့်ပမာဏ၊ ဝယ်ယူပြီးသည့်ပမာဏ၊ ဝယ်ယူရန်ကျန်ရှိသည့်ပမာဏ ပေါ်လာမည်ဖြစ်ပါသည်။

**ယာဉ်အမှတ်- 1A/1111**

| | |
|---|---|
| ယခုအပတ်အတွက်ဝယ်ယူခွင့်ပြုသည့်ပမာဏ | ၃၅ လီတာ |
| ဝယ်ယူပြီးသည့်ပမာဏ | ၀ လီတာ |
| ဝယ်ယူရန်ကျန်ရှိသည့်ပမာဏ | ၃၅ လီတာ |

ဝယ်ယူမည့်ဆီအမျိုးအစားနှင့်ပမာဏကိုဖြည့်သွင်းပြီး ဝယ်ယူနိုင်မည်ဖြစ်ပြီး ရောင်းချသည့်ဆိုင်နံပါတ်၊ တည်နေရာ၊ ဆီပမာဏများ အလိုအလျောက် Server သို့ဝင်ရောက်သွားပါမည်။

**ယာဉ်အမှတ်- 1A/1111**

| 92 | 95 | 97 | HSD | PHSD |
|---|---|---|---|---|

| | |
|---|---|
| ဝယ်ယူမည့်ပမာဏ | ၂၀ လီတာ |

→ Server တွင် ဆီပမာဏ အပါအဝင် ရောင်းချမှု မှတ်တမ်းဝင်သွားပါမည်။

ဝယ်ယူသည့်ပမာဏကို ရောင်းချပါမည်။

ဒုတိယအကြိမ်ထပ်မံဝယ်ယူသည့်အချိန်တွင် Quota ကုန်နေပါက ဝယ်ယူခွင့်မပြုကြောင်း ဖော်ပြပေးပါမည်။




သတ်မှတ်ပေးသည့် Quota ကို တစ်ပတ်အတွင်း အပြီးအပြတ်ဝယ်ယူရပါမည်။

ခရီးဝေးသွားရောက်မည့်ယာဉ်များအတွက် မူလဝယ်ယူထားသည့် စက်သုံးဆီငွေရှင်းပြေစာကိုပြသ၍ ရောက်ရှိရာအခြားတိုင်းဒေသကြီး/ပြည်နယ်ရှိအရောင်းဆိုင်များတွင် Scan ဖတ်၍ ထပ်မံဝယ်ယူနိုင်မည်ဖြစ်ပါသည်။

ခရီးဝေးပြေးဆွဲနေသည့် အထူးဘတ်စကား၊ လူမှုကူညီရေးယာဉ်၊ လူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ်၊ စည်ပင်အမှိုက်သိမ်းယာဉ်၊ ရေပုပ်စုပ်ယာဉ် စသည့်ယာဉ်များကို Quota များသတ်မှတ်ခြင်းမရှိဘဲ အရောင်းဆိုင်များမှ လိုအပ်သည့်ပမာဏအတိုင်း စိစစ်ရောင်းချပေးသွားပါမည်။ Scan ဖတ်၍ မှတ်တမ်းတင်ထားပြီး Online Monitoring စနစ်ဖြင့် ကြပ်မတ် ထိန်းကျောင်းသွားပါမည်။

ကုန်တင်ယာဉ်ကြီးများအနေဖြင့် မြို့ပြင်ရှိစက်သုံးဆီဆိုင်များတွင်သာ QR Code စနစ်ဖြင့် ဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

စက်မှုလယ်ယာကဏ္ဍတွင်အသုံးပြုသည့် ထွန်စက်၊ လယ်ယာသုံးစက်ကိရိယာများ၊ အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် မီးစက်များအတွက် စွမ်းအင်ဝန်ကြီးဌာနမှသတ်မှတ်ပေးထားသည့်ပုံစံတွင်ဖြည့်စွက်၍ နီးစပ်သောအရောင်းဆိုင်များတွင် မှတ်တမ်းထားရှိ၍ ရောင်းချပေးမည်ဖြစ်ပါသည်။

စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် Bar Code သို့မဟုတ် QR Code ဖတ်၍ ရောင်းချပေးထားမှုနှင့် ပုံစံတွင်ဖြည့်စွက်၍ ရောင်းချပေးထားသည့် စက်သုံးဆီပမာဏကိုသာ ပြန်လည်ဖြည့်တင်းခွင့်ရရှိမည်ဖြစ်ပါသည်။

ယာဉ်တစ်စီးချင်းအနေဖြင့် တစ်ပတ်စာဝယ်ယူခွင့်အကြိမ်ရေနှင့် ပမာဏကိုထုတ်ပြန်ပေးမည်ဖြစ်ပြီး သတ်မှတ်ချက်အတိုင်း ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ စက်သုံးဆီဝယ်ယူခွင့်ရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

**ယာဉ်အုပ်စုနှင့် စက်စွမ်းအားအလိုက် တစ်ပတ်အတွင်းဝယ်ယူခွင့်ရှိမည့်စက်သုံးဆီပမာဏအခြေပြဇယား**

| စဉ် | ယာဉ်အုပ်စု | စက်စွမ်းအား | တစ်ပတ်အတွင်းဝယ်ယူခွင့်ရှိမည့် ပမာဏ(ဓာတ်ဆီ/ဒီဇယ်ဆီ) | | တစ်ပတ်အတွင်းအများဆုံး ဝယ်ယူနိုင်မည့်အကြိမ်ရေ |
|---|---|---|---|---|---|
| | | | လီတာ | ဂါလန် | |
| ၁ | ဆိုင်ကယ် | - | ၈ | ၁.၈ | ၂ ကြိမ် |
| ၂ | သုံးဘီး | - | ၂၅ | ၅.၅ | ၃ ကြိမ် |
| ၃ | ထရော်လာဂျီ | - | ၃၀ | ၆.၆ | ၃ ကြိမ် |
| ၄ | အိမ်စီးမော်တော်ယာဉ်နှင့် ဌာနဆိုင်ရာယာဉ် (နံပါတ်အနက်) (Saloon, Station Wagon, Jeep စသည့်) | ၂၀၀၀ စီစီ အထိ | ၃၅ | ၇.၇ | ၂ ကြိမ် |
| | | ၂၀၀၀ စီစီ အထက်မှ ၃၀၀၀ စီစီ အထိ | ၄၀ | ၈.၈ | ၂ ကြိမ် |
| | | ၃၀၀၀ စီစီ အထက် | ၄၅ | ၉.၉ | ၂ ကြိမ် |
| | Taxi (နံပါတ်အနီ) (Saloon, Van စသည့်) | ၂၀၀၀ စီစီ အထိ | ၉၀ | ၁၉.၈ | ၃ ကြိမ် |
| | | ၂၀၀၀ စီစီ အထက်မှ ၃၀၀၀ စီစီ အထိ | ၁၀၀ | ၂၂ | ၃ ကြိမ် |
| | | ၃၀၀၀ စီစီ အထက် | ၁၁၀ | ၂၄.၂ | ၃ ကြိမ် |
| ၅ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာကုန်တင်ဝန်ပေါ့ (Light Duty ) ယာဉ် (နံပါတ်အနက်နှင့်အနီ) (Light Truck, Truck, Pickup စသည့်) | ၂၀၀၀ စီစီ အထိ | ၉၀ | ၁၉.၈ | ၂ ကြိမ် |
| | | ၂၀၀၀ စီစီ အထက် | ၁၁၀ | ၂၄.၂ | ၂ ကြိမ် |
| | မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ | | | | |
| ၆ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာကုန်တင်ဝန်လေး (Heavy Duty)ယာဉ် (နံပါတ်အနက်/အနီ)(Truck စသည့်) | ၆၀၀၀ စီစီ အထိ | ၁၂၀ | ၂၆.၄ | ၂ ကြိမ် |
| | | ၆၀၀၀ စီစီ အထက် | ၁၅၀ | ၃၃ | ၂ ကြိမ် |
| | မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ | | | | |
| ၇ | Tractor Head ယာဉ် (နံပါတ်အနက်/အနီ) | ၈၀၀၀ စီစီ အထိ | ၂၀၀ | ၄၄ | ၂ ကြိမ် |
| | | ၈၀၀၀ စီစီ အထက် | ၂၅၀ | ၅၅ | ၂ ကြိမ် |
| ၈ | မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ | | | | |
| | Dump Truck ယာဉ် (နံပါတ်အနက်/အနီ) | ၆၀၀၀ စီစီ အထိ | ၁၂၀ | ၂၆.၄ | ၂ ကြိမ် |
| | | ၆၀၀၀ စီစီ အထက်မှ ၈၀၀၀ စီစီ အထိ | ၁၅၀ | ၃၃ | ၂ ကြိမ် |
| | | ၈၀၀၀ စီစီ အထက် | ၂၅၀ | ၅၅ | ၂ ကြိမ် |
| | မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ | | | | |
| ၉ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာယာဉ် (နံပါတ်အနက်)(Bus , Micro Bus, Mini Bus, City Bus စသည့်) | ၂၀၀၀ စီစီ အထိ | ၇၀ | ၁၅.၄ | ၃ ကြိမ် |
| | | ၂၀၀၀ စီစီ အထက်မှ ၃၀၀၀ စီစီ အထိ | ၉၀ | ၁၉.၈ | ၃ ကြိမ် |
| | | ၃၀၀၀ စီစီနှင့်အထက် | ၁၁၀ | ၂၄.၂ | ၃ ကြိမ် |
| | ပုဂ္ဂလိကခရီးသည်တင်(Bus)ယာဉ် (နံပါတ်အနီ) | Quota သတ်မှတ်ခြင်းမပြုဘဲ ထည့်သွင်းသည့်ပမာဏကိုသာ Scan ဖတ်၍ မှတ်သားပါမည်။ | | | - |
| ၁၀ | လူမှုကူညီရေးယာဉ်/လူနာတင်ယာဉ်/ နိဗ္ဗာန်ယာဉ်၊စည်ပင်အမှိုက်သိမ်းယာဉ်/ရေပုပ်စုပ် ယာဉ် စသည့်ယာဉ်များ | အဆိုပါယာဉ်များကို Quota သတ်မှတ်ခြင်းမရှိဘဲ အရောင်းဆိုင်များမှ လိုအပ်သည့်ပမာဏအတိုင်း စိစစ်ရောင်းချပေးသွားပါမည်။ | | | - |

# မြေဆီလွှာကျန်းမာရေး

မူမူ(မလှိုင်)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီးကို ဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ဆောင်ရွက်နေသည်။ စိုက်ပျိုးရေးကဏ္ဍ၏မျှော်မှန်းချက်မှာ နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်




ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်ဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်ရောက်လျှင် ကမ္ဘာ့လူဦးရေသည်သန်းပေါင်း ၉ ဒသမ ၁ သန်းအထိ မြင့်တက်လာနိုင်ပြီး စိုက်ပျိုးသီးနှံလိုအပ်ချက်သည် ယခုလက်ရှိအခြေအနေထက် နှစ်ဆခန့် မြင့်တက်လာဖွယ်ရှိသည်ဟု ခန့်မှန်းထားကြသဖြင့် စိုက်ပျိုးရေးကဏ္ဍမှအစားအစာထုတ်လုပ်မှုမြင့်မားရန် လိုအပ်သကဲ့သို့ ထပ်ဆင့်ထုတ်ကုန်အတွက် အရေအတွက်ရော အရည်အသွေးပါမြင့်မားလာရန် လိုအပ်သည်။

စိုက်ပျိုးရေးကဏ္ဍသည် အချိန်၊ ရာသီ အခြေအနေအတွင်းတွင် သီးနှံပင်သက်တမ်းအရ အာဟာရဖြည့်တင်းမှုအချိန်ကိုက်ဆောင်ရွက်ပေးနိုင်လျှင် အကျိုးရှိသော စိုက်ပျိုးထုတ်လုပ်မှုဖြစ်ပြီး အထွက်နှုန်းတိုးတက်စေရုံသာမက အရည်အသွေးမီ ထုတ်ကုန်များကိုပါ ရရှိစေနိုင်သည်။ ယခုအခါတွင် လူမှုဝန်းကျင်နယ်ပယ်အသီးသီး၌ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာထုတ်လုပ်နိုင်ရေး၊ အစားအစာလုံခြုံစိတ်ချမှုရရှိရန်ဆောင်ရွက်ရေး၊ အရည်အသွေးပြည့် ထပ်ဆင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အစရှိသောကဏ္ဍအားလုံးမှာ စိုက်ပျိုးရေးလုပ်ငန်းများနှင့် သက်ဆိုင်ဆက်နွယ်နေသည်။

စိုက်ပျိုးစီးပွားရေးဆိုသည်မှာ စဉ်ဆက်မပြတ်ဆက်နွယ်နေသောသီးနှံစိုက်ပျိုးမှု၌ အထွက်နှုန်းမြင့်မားခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်အရည်အသွေးကောင်းခြင်း၊ ဈေးနှုန်းတည်ငြိမ်မှုရှိခြင်း၊ စားသုံးသူနှစ်သက်မှု၏အကျိုးဆက်များပေါ်တွင် မူတည်နေပြီး သီးနှံထုတ်လုပ်မှုမြင့်မားရန်နှင့်အရည်အသွေး တိုးတက်မှုရရှိရန်ပါ ရည်ရွယ်သည်။ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအားလုံးသည် စိုက်ပျိုးမြေပေါ်တွင် အခြေခံသည်။

**မြေဆီလွှာ**

မြေဆီလွှာဆိုသည်မှာ ကမ္ဘာ့အပေါ်ယံရှိအလွှာပါးဖြစ်ပြီး အပင်များကြီးထွားရန်အတွက် အထောက်အကူပြု ပြိုကွဲကျေပျက်ပြီးသော တွင်းထွက်သတ္တုများနှင့် ဆွေးမြည့်နေသော သက်ရှိပစ္စည်းများ ရောနှောပါဝင်ဖွဲ့စည်းထားသည်။ ယေဘုယျအားဖြင့်ခွဲခြမ်းစိတ်ဖြာကြည့်ပါက ရေပမာဏ ၂၅ ရာခိုင်နှုန်း၊ လေထုပမာဏ ၂၅ ရာခိုင်နှုန်း၊ သတ္တုဓာတ် ၄၅ ရာခိုင်နှုန်းနှင့် သစ်ဆွေးဓာတ် ၅ ရာခိုင်နှုန်းရှိသည်။ မြေစိုင်ခဲတည်ရှိမှုမှာ သက်ရှိအဏုဇီဝများနှင့် ၎င်းတို့မှစွန့်ထုတ်ရည်(ကော်ဓာတ်)၊ အော်ဂဲနစ်ကာဗွန်သံ/သတ္တုအောက်ဆိုက်များ မြေစေးဓာတ်တို့ပါဝင်သည်။ မြေစိုင်ခဲဖွဲ့စည်းမှုတွင် သက်ရှိအဏုဇီဝများသည်အရေးကြီးဆုံးအခန်းကဏ္ဍမှပါဝင်သည်။

**မြေဆီလွှာ၏အရေးပါသောကဏ္ဍခွဲများ**

စိုက်ပျိုးမြေ၏အခြေအနေအရေးပါသောလုပ်ငန်းဆောင်တာများအရ အခန်းကဏ္ဍများခွဲခြမ်းကြည့်လျှင် (က) ရူပဂုဏ်သတ္တိ၊ (ခ) ဓာတုဂုဏ်သတ္တိ၊ (ဂ) ဇီဝဂုဏ်သတ္တိ၊ (ဃ) မြေတွင်းနေ သက်ရှိတို့ဖြစ်ပျက်ဆက်နွယ်မှုများကိုတွေ့ရှိနိုင်သည်။ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ မြေဆီလွှာဖွဲ့စည်းတည်ဆောက်မှု မျှတရေးနှင့်စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်စွမ်းရှိစေရန် မြေဆီလွှာကျန်းမာရေးတို့သည် မြေဆီလွှာတွင်ပါဝင်နေသောအခန်းကဏ္ဍအသီးသီးကိုအခြေအနေကောင်းများရှိနေစေရန် မြေဆီလွှာကိုဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းပေးခြင်း၊ လေလွင့်ဆုံးရှုံးနိုင်မှုပြဿနာရပ်များကိုဆန်းစစ်၍ စနစ်တကျဆောင်ရွက်ခြင်းများလိုအပ်လှသည်။

မြေဆီလွှာ၏ရူပဂုဏ်သတ္တိတွင် မြေမျက်နှာပြင်အနေအထား၊ မြေ၏ကြမ်းတမ်းမှုနှင့်ချောမွေ့မှု၊ အကျယ်အဝန်းပမာဏ၊ မြေအတန်းစားနှင့် တိုက်စားခံစားရမှု၊ မြေ၏အစိုင်အခဲသိပ်သည်းဆ၊ မြေတွင်းစိမ့်ဝင်နိုင်စွမ်းနှင့် လေပေါက်၊ ရေပေါက်ပျံ့နှံ့ပါဝင်မှု၊ ထိုးဖောက်ဝင်ရောက်နိုင်မှုနှုန်း၊ အသုံးချနိုင်သည့်ရေတည်နိုင်မှုစွမ်းအားနှင့် မြေအတိမ်အနက် စသည်တို့ပါဝင်သည်။

မြေ၏ဓာတုဂုဏ်သတ္တိတွင် မြေချဉ်ငန်ဓာတ်(pH)၊ ဓာတ်သဘာဝများဆက်နွယ်ပြောင်းလဲမှု (EC–Electrical Conductivity)၊ မြေတွင်းဓာတ်ဖိုဖလှယ်နိုင်စွမ်းအား (CEC– Cation Exchange Capacity)၊ အာဟာရများ၏ပြောင်းလဲမှုစက်ဝန်း (Nutrient Reserves)၊ သိပ်သည်းဆများသည့်သတ္တုဓာတ်များ(Heavy Materials)၊ မြေတွင်းဓာတ်သဘာဝများညီမျှခြေရှိမှု (Elemental Balance)၊ ကာဗွန်ဓာတ်ပေါင်းပါဝင်မှု(Carbonates) အခြေအနေများဆက်နွယ်ပါဝင်သည်။




မြေ၏ဇီဝဂုဏ်သတ္တိများကဏ္ဍမှာ သဘာဝမြေဆွေး (SOC– Soil Organic)၊ အဏုဇီဝများနှင့် သဘာဝမြေဆွေးထုအကြွင်းအကျန်များ၏ ဆွေးမြည့်မှုပြောင်းလဲမှုအချိန်ကာလ(MBC–Mean Residence Time and Turnover)၊ မြေတွင်း၌တီကောင်ပါဝင်မှု(Earthworms)၊ မြေတွင်းရှိအင်ဇိုင်းများ (Soil Enzymes)၊ နီမတုတ်နှင့် အခြားအဏုဇီဝရောဂါပိုးမွှားများ (Nematodes and Pathogens)၊ မိုက်ခရိုရိုက်ဇာမှိုများ(Mycorrhizal Fungi) မြေတွင်းနေသက်ရှိတို့၏ရှင်သန်နေထိုင်မှုအတွက် မြေတွင်းမှာတည်ရှိနေသည့် မြေစိုင်ခဲအကြားရှိ ရေပေါက်၊ လေပေါက်နှင့် လေဝင်လေထွက်များ (Respiration) တို့ပါဝင်သည်။

မြေတွင်းသက်ရှိတို့ဖြစ်ပျက်ဆက်နွယ်မှုများကဏ္ဍမှာ အာဟာရဓာတ်များ၏ ပြောင်းလဲနေမှုစက်ဝန်း (Nutrient Cycling)၊ ရေဓာတ်စီးဝင်ပါဝင်နိုင်မှု (Hydrological Budget)၊ တိုက်စားပျက်စီးမှုများ(Erosion)၊ ဇီဝဆိုင်ရာအပင်နှင့်သက်ရှိတို့ဆက်နွယ်နေမှု(Biodiversity)၊ မြေပြင်ပြုပြင်တည်ဆောက်ပြောင်းလဲနေမှုများ(Landscape Processes) ပါဝင်နေသည်။

မြေတွင်း၌ မြေ၏ဇီဝဂုဏ်သတ္တိနှင့် မြေတွင်းသက်ရှိတို့ ဖြစ်ပျက်ဆက်နွယ်မှုကဏ္ဍများမှာ မြေဆီလွှာကျန်းမာရေးအတွက် အဓိကဆက်နွယ်နေသည်။ ထို့အတူ ကဏ္ဍလေးခုလုံးသည်မြေဆီလွှာ၏အရည်အသွေးနှင့်လုပ်ငန်းဆောင်တာများအတွက်ဆက်စပ်ပါဝင်နေသည်။

မြေဆီလွှာတွင်ကြုံတွေ့ရသောပြဿနာရပ်များမှာ မြေဆီလွှာတွင်ကျန်းမာသန့်စွမ်းမှုမရှိသော/ချို့တဲ့မှုပြဿနာ၊ မြေတွင်းသက်ရှိများ၏ဘဝကို ပျက်စီးစေသော/ပျက်စီးနေသောပြဿနာ၊ မြေ၏ရုပ်ဓာတ်နှင့်ဇီဝသဘာဝများကို ပျက်စီးစေသော/ပျက်စီးနေမှုပြဿနာ၊ အပင်အမြစ်များရှင်သန်နိုင်စွမ်းလျော့ကျစေသောပြဿနာ၊ ကုန်ထုတ်လုပ်မှုတွင် ဇီဝစက်ဝန်းကို အဟန့်အတားဖြစ်စေကာ အစာအာဟာရစက်ဝန်းပျက်စီးမှုပြဿနာ၊ အပင်နှင့်အပင်အကြွင်းအကျန်များဖြင့် မြေဆီလွှာဖုံးလွှမ်းကာကွယ်မှုနည်းခြင်း/မရှိခြင်းပြဿနာ၊ မြေဆီလွှာမျက်နှာပြင်တွင် သဘာဝမြေဆွေးဓာတ်နည်းပါးမှုဖြစ်မှုပြဿနာ၊ မီးရှို့ခြင်း၊ ရိတ်သိမ်းခြင်းနှင့် စားကျက်ခင်းအသုံးပြုခြင်းကဲ့သို့သော အခြားပုံစံအမျိုးမျိုးဖြင့် သီးနှံအကြွင်းအကျန်များကို စိုက်ခင်းမှဖယ်ရှားပစ်ခြင်းပြဿနာအစရှိသဖြင့်ပြဿနာတစ်မျိုးမျိုးသော်လည်းကောင်း၊ မျိုးစုံသော်လည်းကောင်းကြုံတွေ့နိုင်သည်။

ထိုဖြစ်စဉ်အမျိုးမျိုးကြောင့် မြေမျက်နှာပြင်များပြောင်းလဲနေပြီး စိုက်ပျိုးမြေဆီလွှာများနှင့် မြေဆီလွှာတွင်းမှ အပင်အတွက်လိုအပ်သည့်အာဟာရဓာတ်များလည်း ဆုံးရှုံးမှုဖြစ်စေသည်။

ထပ်ဆင့်အမျိုးအစားများခွဲခြမ်းကြည့်လျှင်–

(က) **ရူပဂုဏ်သတ္တိပြဿနာရှိမြေ (Physical Problem Soils)**

(၁)ရေစိမ့်ဝင်မှုနှေးခြင်းသို့မဟုတ် ရေစိမ့်ဝင်နိုင်မှုမရှိသောမြေ (Slow Permeable Soils / Impermeable Soils)၊

(၂) မျက်နှာပြင်မာကျောသောမြေ(Soil Surface Crusting)၊

(၃) အောက်ခံမြေလွှာ (Sub Soil Hard Pan)၊

(၄) မြေလွှာပါး (Shallow Soils)၊

(၅) ရေဖြတ်စီးဆင်းမှုအလွန်လျင်မြန်သောမြေ (Highly Permeable Soils)၊

(၆) မြေစေးပါဝင်မှုများသောမြေ (Heavy Clay Soils)၊

(၇)အပင်အမြစ်အကြွင်းအကျန်များသောမြေ (Fluffy Paddy Soils)

(ခ) **ဓာတုဂုဏ်သတ္တိပြဿနာရှိမြေ (Chemical Problem Soils)**

(၁) ဆားဓာတ်သက်ရောက်မှုရှိမြေများ (Salt – Affected Soils)၊

(၂) ဆားပေါက်မြေ (Saline Soils)၊

**စာမျက်နှာ ၁၄ သို့** ❐

❒ **စာမျက်နှာ ၁၃ မှအဆက်**

(၃) ဆပ်ပြာပေါက်မြေ(Alkali / Sodic Soils )၊
(၄) ဆား-ဆပ်ပြာပေါက်မြေ (Saline-Alkali/ Sodic Soils)၊






(၅) အက်စစ်ပေါက်မြေ(Acid Soils)၊
(၆) အက်စစ်ဆာလဖိတ်မြေ (Acid Sulphate Soils)၊
(၇)ကယ်စီယမ်များမြေ/ ထုံးပေါက်မြေ(Calcareous Soil)

(ဂ) **ဇီဝဂုဏ်သတ္တိပြဿနာရှိမြေ (Biological Problem Soils)**

(၁) အော်ဂဲနစ်ကာဗွန်နှင့် မိုက်ခရိုအရေအတွက်နည်း/များ(SOC and Microbial Population)၊
(၂) တီကောင်ရှိမှု နည်း/များ (Earthworms)၊
(၃) မြေတွင်းလေဝင်လေထွက်ကောင်း/ဆိုး (Soil Respiration)၊
(၄) မြေဆီလွှာ အင်ဇိုင်းတည်ရှိမှု နည်း/များ (Soil Enzymes)

**(ဃ) အာဟာရဓာတ်ချို့ယွင်းမှု/တိုက်စားမှု ပြဿနာများ(Nutritional Problem Soils)**

မြေဆီလွှာတိုက်စားခံရမှု(Eroded Soils) အဖြစ် မြေဆီလွှာတိုက်စားပြုန်းတီးမှုသည် အများဆုံးမြေဆီလွှာ ဆုံးရှုံးမှုဖြစ်သည်။ Strong Winds, Hard Rains and Flowing Water စသော လေပြင်းတိုက်ခတ်မှု၊ မိုးသည်းထန်ခြင်း၊ ရေစီးသန်ခြင်းဖြစ်စဉ်များကြောင့်လည်းကောင်း၊ လူများလှုပ်ရှားပြုမူဆောင်ရွက်ချက်များ- အထူးသဖြင့် မြေပြင်ကိုပြုပြင်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ထွန်ယက်ခြင်း၊ လူ့ပယောဂများကြောင့်လည်းကောင်း၊ မြေဆီလွှာ၏ မြေမှုန်များနှင့်အတူ မြေဆီလွှာတွင်းရှိ အာဟာရဓာတ်များပါ တိုက်စားမှုကြောင့် ဆုံးရှုံးသွားရသည်။

အောက်ဖော်ပြပါမြေမျက်နှာပြင်ပေါ်ရှိ ရေဖြင့်တိုက်စားမှု၊ လေဖြင့်တိုက်စားမှု ပုံသဏ္ဍာန်များကြောင့်လည်း မြေဆီလွှာဆုံးရှုံးမှုဖြစ်ပေါ်ရသည်။




**၁။ ရေဖြင့်တိုက်စားခြင်း (Causes of Water Erosion)**

(က) မိုးစက်နှင်းစက်ကျရောက်၍ မြေတိုက်စားမှု-Raindrop / Splash Erosion၊
(ခ) အလွှာလိုက်ရေတိုက်စားမှု -Sheet Erosion ၊
(ဂ) မြေလွှာအချပ်လိုက်တိုက်စားခံရမှု - Rill Erosion ၊
(ဃ) ရေစီးကြောင်းအတိုင်းတိုက်စားမှု - Gully Erosion၊
(င) မြေအလွှာလိုက်ပြိုကျပျက်စီးတိုက်စားမှု- Stream Channel Erosion

**၂။ လေဖြင့်တိုက်စားခြင်း (Causes of Wind Erosion)**

(က) အပေါ်ယံလွှာမြေမှုန်တိုက်စားခံရခြင်း - Saltation ၊
(ခ) မြေစိုင်မြေခဲများလွင့်ပါတိုက်စားခံရခြင်း - Suspension၊
(ဂ) ကုန်းစောင်းတောင်စောင်းများနှင့် အပေါ်ယံမြေလွှာများလေပြင်းဖြင့် တိုက်စားခံရခြင်း - SurfaceCreep၊
(ဃ) မြေလွှာထုထည်အလိုက်ပျက်စီးတိုက်စားခံရခြင်း - Threshold Velocity

ထို့ကြောင့်မြေဆီလွှာများပျက်စီးရခြင်းကိုအကျဉ်းချုံး၍လေ့လာလျှင် မြေဆီလွှာအာဟာရဓာတ်ဆုံးရှုံးမှုသည် မြေဆီလွှာတိုက်စားမှုကြောင့်အများဆုံးဖြစ်ပြီး သီးနှံ၏အထွက်နှုန်းကိုပါ ကျဆင်းစေကြောင်းသိမြင်နိုင်သည်။ ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ သောက်ရေ သုံးရေ သွင်းရေမလုံလောက်ခြင်း၊ လေပြင်းတိုက်ခြင်း၊ မြေပြိုခြင်းပြဿနာများသည် လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးစေရုံသာမက စိုက်ပျိုးမြေများကိုပါတိုက်စားခံရကာ ဆုံးရှုံးမှုဖြစ်ပေါ်ပြီး သီးနှံများပျက်စီးခြင်း၊ အထွက်နှုန်းကျဆင်းခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာ၊ သောက်ရေ၊ သုံးရေ၊နေရေးထိုင်ရေးကိစ္စအသီးသီးကို ထိခိုက်ပျက်စီးနိုင်ကြောင်း တွေ့မြင်သိရှိနိုင်သည်။ အပင်နှင့်သက်ရှိတို့၏ ဆက်နွှယ်ဖွဲ့စည်းထားသောအခန်းကဏ္ဍများသည် မြေထု၊ လေထုနှင့်မိခင်ကျောက်သားဖွဲ့စည်းမှု (သက်နု၊ သက်လတ်၊ သက်ရင့်အဆင့်ဆင့်ဖြစ်ပေါ်မှု)၊ ဇီဝသဘာဝများတည်ရှိမှုနှင့် အာဟာရစွမ်းရည်ရရှိနိုင်မှုကဏ္ဍများဟု အသီးသီးဆက်နွှယ်မှုကိုတွေ့မြင်နိုင်သည်။ ထို့ကြောင့် မြေဆီလွှာ၏ ကျန်းမာရေးကို ဂရုတစိုက်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေး ကဏ္ဍသည် အရေးကြီးကြောင်း သိရှိစေရန်တင်ပြအပ်ပါသည်။ ။

## နွေရာသီအခြေခံအားကစားသင်တန်းများ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



ပဲခူး မတ် ၂၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်းရှိ တိုင်းဒေသကြီး မိုးလုံ၊ လေလုံ အားကစားခန်းမ၌ မတ်လ ၂၆ ရက် နံနက်ပိုင်းတွင် နွေရာသီအခြေခံအားကစားသင်တန်းများ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးဦးမျိုးအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဘောလုံး၊ အေရိုးဗစ်၊ Fitness Dance၊ ကရာတေး၊ လက်ဝှေ့၊ ဘတ်စကက်ဘော၊ မြန်မာ့သိုင်း၊ တင်းနစ်၊ ကြက်တောင် စသည့်အားကစားနည်းကိုးမျိုးမှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ထို့နောက် လက်ဝှေ့၊ အေရိုးဗစ်၊ မြန်မာ့သိုင်း၊ ကရာတေး၊ Fitness Dance သင်တန်းသား၊ သင်တန်းသူများက သရုပ်ပြသကစားကြရာ လူမှုရေးရာဝန်ကြီးက သရုပ်ပြကစားကြသည့် အားကစားသမားများနှင့် သင်တန်းနည်းပြဆရာ၊ ဆရာမများအား ဂုဏ်ပြုငွေများပေးအပ်သည်။

အဆိုပါအားကစားနည်းသင်တန်းများကို မတ်လ ၃ ရက်မှ ၂၆ ရက်အထိ အားကစားနည်းကိုးမျိုးဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၈၀၀ ဦး တက်ရောက်ကြကြောင်းသိရသည်။ (၄၁၀)

## အိမ်အပြန် အနာဂတ်လမ်း

☛ အချုပ်အခြာ၊ ပြည့်အာဏာတွက်
ကာကွယ်ဖို့ရေး၊ အသက်ပေးကာ
ထမ်းရွက်လာသည့်၊ တေဇာဂုဏ်ရည်
မြန်ပြည်ရင်နှစ်၊ စစ်အမှုထမ်း
ပြည်ချစ်ပန်းကို
လမ်းလေးသွယ်နှင့် စောင့်နေသည်။

☛ တပ်မတော်ဂုဏ်၊ ကိုယ်လုံးခြုံပြီး
ယုံယုံကြည်ကြည်၊ ထမ်းရွက်မည်မို့
စွမ်းရည်စိတ်ထား၊ မိဋ္ဌာန်များနှင့်
စစ်သားဘဝ၊ လွန်တောင့်တ၍
အားရသက်ဝင်၊ စစ်ထဲဝင်မလား။

☛ တပ်မှစွန့်ခွာ၊ ရွေးစရာကား
စဉ်လာမပျက်၊ အရပ်ဘက်၌
ပြည့်တွက်ဝန်တာ၊ ထမ်းချင်ပါလည်း
ဌာနများစွာ စောင့်လို့ကြို။

☛ ပုဂ္ဂလိက၊ ကဏ္ဍများတွင်
ထမ်းရွက်ချင်လည်း၊ ကျွမ်းကျင်လိမ္မာ
တတ်ကောင်းစွာဖြင့်၊ နေရာဒေသ
ပြည်ပ ပြည်တွင်း၊ ထမ်းရွက်ခြင်းကို
လက်ငင်းမနှေး၊ လုပ်ဆောင်ပေးမည်။

☛ စစ်သားမလုပ်၊ အရပ်သားလုပ်မည်
မလုပ်ဝန်ထမ်း၊ စိတ်မမှန်းသော်
ကိုယ်စွမ်းသည့်တာ၊ ကိုယ်ကျွမ်းရာမို့
လယ်ယာစိုက်ပျိုး၊ မွေးမြူတိုးဖို့
ကြိုးကုတ်ရည်မျှော်၊ ကြံဆသော်မူ
ကြည်ဖြူလက်ကမ်း၊ ဝမ်းပန်းတသာ
စောင့်နေရှာသည့်၊များစွာလုပ်ငန်းအသွယ်သွယ်။

☛ စစ်အမှုထမ်း၊ ကြိုးပမ်းကာလ
ပြီးမြောက်ကြလျှင်၊ တောက်ပကြည်သာ
အနာဂတ်မှန်း၊ လေးသွယ်လမ်းက
ရွှင်လန်းလျက်သာ စောင့်လို့ကြို။ ။

**အောင်မင်းကျော်(ပညာ)**

### သဇင်(FM)အသံလွှင့်အစီအစဉ်

၂၇-၃-၂၀၂၆(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | For Youth | ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း | ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် | ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့မှ စစ်သည်၊ စစ်သမီးများ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

ဆက်လက်ပြီး အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် ဇေယျာသီရိဗိမာန်သဘင်ဆောင်အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့မှ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများက သံစုံတီးဝိုင်းဖြင့်တွဲဖက်၍ အဆို၊ အကများ၊ ယိမ်းအကများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်မှု အပြီးတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

(၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အဝင်လမ်းမကြီးတစ်လျှောက်တွင် တပ်မတော်ရေယာဉ်များ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ ယာဉ်ယန္တရားများ၏ ပုံသဏ္ဌာန်များ၊ ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးရုပ်တုများကို မီးအလှအပများဖြင့် လှပစွာဂုဏ်ပြုပုံဖော်ထွန်းညှိထားရှိကြောင်းသတင်းရရှိသည်။

(၁၀၀)






(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အဝင်လမ်းမကြီးတစ်လျှောက်တွင် မီးအလှအပများဖြင့် လှပစွာဂုဏ်ပြုပုံဖော်ထွန်းညှိထားရှိမှုကိုတွေ့ရစဉ်။

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်နေမှုကို တွေ့ရစဉ်။







နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်ကြီးများ ၊အကြံပေး ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်စဉ်။



(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပစဉ်။

ကြက်ခြေနီတပ်ဖွဲ့တို့မှပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည် တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင်ဆုရရှိကြသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး တို့သည် အခမ်းအနားတက်ရောက် လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ စစ်သည်၊ စစ်သမီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် အဆိုရှင်များက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေမည့် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးတို့က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကာ အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားမှ ပြန်လည်ထွက်ခွာကြသည်။

**စာမျက်နှာ ၁၅ သို့** ✮

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 81st Armed Forces Day commemorative dinner held

NAY PYI TAW March 26

This evening, a commemorative dinner hosted by Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla was held at the Zeyathiri Beikman precinct in Nay Pyi Taw to mark the 81st Armed Forces Day.



Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, greeting diplomats.



Senior General Min Aung Hlaing clinging glass with an attendee.

At the start of the commemorative dinner, fireworks displays were set off from the Armed Forces Day parade ground and Bayintnaung Yeiktha in celebration of the 81st Armed Forces Day.

Subsequently, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla warmly greeted attendees who came to the 81st Armed Forces Day commemorative dinner. Those in attendance included: Vice-Chairman of the Commission Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win; Commission Secretary Commander-in-Chief (Army) General Ye Win Oo and wife; Commission Member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife; Commander-in-Chief (Navy) Admiral Htein Win and wife; Commander-in-Chief (Air) General Tun Aung and wife; Commission members; Union-level officials and their wives; senior military officers from the Office of the Commander-in-Chief and their wives; families of the Thirty Comrades; families of retired Commanders-in-Chief of Defence Services; retired senior military officers (Army, Navy and Air); Independence Mawgunwin recipients; advisors; deputy ministers; retired military ambassadors; military attachés and officials from foreign embassies; representatives from Ethnic Armed Organizations that have signed the Nationwide Ceasefire Agreement (NCA); chairpersons and officials from political parties; family members and relatives of recipients of the Aung San Thuriya Award; officials, other ranks, and their family members and relatives who have received the Thiha Thura, Thura, and Military Gallantry Medals and Heroism Commendation Badges; members of the Myanmar War Veterans Organization; personnel from the Myanmar Police Force, Fire Services Department, and Myanmar Red Cross Society; chairpersons and officials from various associations; artists who participated in the Armed Forces Day feature film; winners of competitions for march songs, military songs, poems, short stories, and novels; members of university training corps; teachers and students from the Nationalities Youth Resources Development University; and specially invited guests.



The 81st Anniversary Armed Forces Day commemorative dinner in progress.

Afterwards, the Senior General and his wife, together with those attending the ceremony, partook of the commemorative dinner.

Before and during the dinner, vocalists from the Myawady Music Band under the supervision of the Directorate of Public Relations and Psychological Warfare, Office of the Commander-in-Chief (Army), including military personnel and police officers from the Myanmar Police Force, performed commemorative songs to foster a fervent patriotic spirit.

Following the commemorative dinner, Senior General Min Aung Hlaing and his wife cordially greeted the attendees and then enjoyed the fireworks display held to mark the successful ceremony, after which they departed from the event.

Subsequently, as the second part of the ceremony, Vice-Chairman of the Commission Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win and attendees watched a cultural performance featuring vocal, dance, and traditional Yein dance accompanied by a full orchestra from the Myawady Music Band under the supervision of the Directorate of Public Relations and Psychological Warfare, staged inside the Zeyathiri Beikman theater hall.

After the performance, the Vice-Senior General presented commemorative bouquets to the military performers and cordially greeted the attendees.

In honour of the 81st Armed Forces Day, a beautiful light display has been arranged along the main entrance road to the Office of the Commander-in-Chief (Army) compound, featuring illuminated representations of naval vessels, aircraft, helicopters, military vehicles, and statues of the three monarchs who founded the first, second, and third Myanmar empires. 100

# Vice Chairman of SSPC Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win and wife greet retired senior military officers and wives, who will attend the parade of the 81st Anniversary of the Armed Forces Day

NAY PYI TAW March 26

On behalf of Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla,Vice Chairman of SSPC Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win and wife, Daw Than Than Nwe, greeted retired senior military officers who served duties at the military and their wives at Bayintnaung Villa in Nay Pyi Taw this morning. Those retired senior military officers and their wives will attend the parade of the 81st Anniversary of the Armed Forces Day which falls on 27 March 2026.

On the occasion, the Vice-Senior General and wife respectfully greeted the retired senior military officers and wives and cordially asked about health and social needs and fulfilled their requirements.

At the meetings, the Vice-Senior General thanked the retired senior military officers who will attend the parade. He then explained the endeavours to maintain fine traditions of the Tatmadaw and to built an efficient Armed Forces, and emphasis being placed by the Tatmadaw on peace and stability of the State. The retired senior military officers expressed pleasure and honor for the opportunity to attend the parade and the care and protection provided for the soldiers as parents and teachers in accord with the fine traditions of the Tatmadaw and gave other advice. **100**



Vice-Senior General Soe Win and wife, Daw Than Than Nwe, cordially converse with retired senior military officers.

# Myaungmya Township grows more than 3,000 acres of chilli as cold season crop

MYAUNGMYA March 26

Agriculture Department of Myaungmya District in Ayeyawady Region stated local farmers planted chilli on 3,356 acres of croplands as cold season crops in Myaungmya Township this year.

During this year's winter crop cultivation season, a total of 4,791 acres of chilli have been earmarked for cultivation in Myaungmya Township. Planting began in the first week of November 2025, and as of now, chilli cultivation has been completed on 3,356 acres. It is learned that the Department of Agriculture and local farmers are working together to ensure systematic cultivation of the chilli crop without difficulties.

"For this year's winter cropping season, we are carrying out the necessary measures to achieve 100 percent of the planned chilli cultivation target. This year, winter chilli varieties that are well suited to market demand, local climate conditions, and soil characteristics have been selected and cultivated. Farmers are also systematically choosing high-quality and pure seeds, starting with chilli cultivation, when engaging in agricultural activities.

In addition, prior to the winter cropping season, awareness-raising and technical support activities were carried out to ensure that the cultivated crops are free from pest hazards and achieve good yields. These farmer education activities will continue to be implemented," said Daw Khin Htay Myint, Head of the Myaungmya District Department of Agriculture.

In Myaungmya Township, staff from the District and Township Departments of Agriculture are conducting field inspections down to the farm plots and providing farmer education activities to ensure the successful cultivation of winter crops, including chilli, to prevent pest infestations, and to achieve good yields. **SK**

# Merchants from Pantanaw Township dispatch large volume of catla fish to Yangon market

PANTANAW March 26

'Pantanaw Township of Ayeyawady Region sold a large volume of catla fish to Yangon market," said Daw Mar Mar Win, the owner of fishery product trading depot in Pantanaw Township.

From Pantanaw Township to the Yangon market,up to 55,000 viss of catla fish were shipped and sold. It is reported that the market price for catla fish has reached Ks-17,000 per viss.

"Catla fish from the Pantanaw area are being shipped and sold mainly to the Yangon market. In the first week of last December, shipments of catla fish have increased again. There is strong domestic demand for catla fish. As demand for catla fish is currently rising, people involved across various sectors of the fisheries industry are doing well," said Daw Mar Mar Win, a fisheries product trader from Pantanaw Township.

Catla fish produced in Pantanaw Township are being shipped and sold to the Yangon market and, via Yangon, further distributed to other regions. It is also reported that fisheries trading depots in the area are shipping and selling local aquatic products, including catla fish, to the Yangon market.

**SK**

# Monywa Township cultivates more than 16,000 acres of chickpea

MONYWA March 26

Local farmers planted 16,511 acres of chickpea as cold season crops in Monywa Township of Sagaing Region this cold season, according to the township Agriculture Department.

During the 2025-2026 winter crop planting season, Monywa Township planned to cultivate chickpea on 17,790 acres. Planting began in October 2025, and as of now, 16,511 acres have been successfully planted.

"During the winter crop season in Monywa Township, 17,790 acres of chickpea were planned, and we have managed to plant 16,511 acres. To ensure good yields and high-quality chickpeas, we have worked closely with farmers to provide them with high-quality seeds, fertilizers, and training on proper post-harvest techniques," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

For chickpea cultivation, farmers select varieties suitable to the local conditions, including Yezin-8 and Yezin-11 strains. It is estimated that planting one acre of chickpeas costs over Ks-300,000.

In Monywa Township, during the winter crop season, various types of legumes are planted, and to ensure good yields and quality, high-quality seeds, fertilizers, and post-harvest technical guidance are provided in collaboration with farmers. Farmers are also guided on the use of Trichoderma mushrooms during the planting of different legume varieties to enhance productivity.

Sagaing Region is the largest area in the country for cultivating various types of legumes. Farmers can grow legumes as the main crop or interplant them with other crops, making legumes an important source of income.

**SMK**

# Middle East conflict causes significant damage to global logistics, industry - Putin




MOSCOW March 26

The conflict in the Middle East is causing significant damage to global logistics and industry, Russian President Vladimir Putin said on Thursday.

"The armed conflict in the Middle East is making an increasingly significant contribution to the current situation and causing significant damage to international logistics, production, and cooperation chains," Putin said at the plenary session of the congress of the Russian Union of Industrialists and Entrepreneurs.

The consequences of the conflict in the Middle East are difficult to accurately predict, even those involved in it cannot do so, the Russian president also said, adding that there are estimates that the consequences of the conflict can be compared to the coronavirus.

"The events facing the global community in recent years demonstrate that upheavals in trade, investment, and international relations in general are occurring with increasing frequency. They are becoming a new reality," Putin said.

Russia must strengthen its own sovereignty, and the importance of this currently is beyond doubt, Putin said.

"For this, it is necessary to strengthen our own sovereignty. I think now no one doubts what sovereignty means in the modern world," Putin said.

Russia will adhere to a conservative approach in the budget sphere and fulfill its obligations to the citizens, Putin added.

The President also noted the importance of maintaining the vector of progressive development of Russia and the strengthening of the Russian economy.

Russia must be strong to meet the challenges of the current era, Vladimir Putin said.

**Sputnik**

# India turns to non-dollar payments for Russian oil amid rising tensions — Reports

NEW DELHI March 26

Indian refiners are increasingly using currencies other than the US dollar to pay for Russian crude, Bloomberg reported, as New Delhi moves to reduce exposure to shifting US policy and growing geopolitical uncertainty.

Bloomberg reported that the transactions are being structured through special overseas accounts, with payments ultimately converted into currencies such as the UAE dirham and the Chinese yuan. The report adds that the Singapore dollar and Hong Kong dollar are also being considered for some deals.

The shift comes as Indian buyers step up purchases of Russian oil following supply disruptions linked to the US-Israeli aggression against Iran. Bloomberg said refiners including Indian Oil Corp. and Reliance Industries have bought about 60 million barrels of Russian crude since the US issued a waiver earlier this month.

**Sputnik**

# Drones attack Turkish tanker with 140,000 tonnes of oil near Turkish coast - Reports

ISTANBUL March 26

Unidentified drones have attacked a Turkish oil tanker, ALTURA, carrying 140,000 tonnes of crude oil in the Black Sea off the Turkish coast, damaging the vessel and prompting a distress call from the crew, Turkish broadcaster NTV Haber reported on Thursday.

The incident took place 15 miles from the Bosphorus, the report said.

According to the report, the crew has requested assistance, with the vessel's bridge and engine room damaged. The 27 crew members, all Turkish citizens, were not injured.

**Sputnik**




# 6.5-magnitude earthquake strikes off northeastern Japan

TOKYO March 26

A 6.5-magnitude earthquake struck off the Sanriku coast in northeastern Japan at around 11:18 pm local time Thursday, the Japan Meteorological Agency (JMA) said.

The temblor originated at a depth of about 10 km. While slight sea level fluctuations may occur along the coast, the JMA said there is no risk of tsunami damage.

The quake registered an intensity of 4 on Japan's seismic scale of 7 in Morioka City of Iwate Prefecture.

No immediate injuries or damage have been reported.

**Xinhua**

# Lula unveils Brazil's first domestically built supersonic fighter

SAO PAULO March 26

Brazil is advancing toward defence sovereignty with the unveiling of its first domestically built F-39E Gripen supersonic fighter jet, President Luiz Inacio Lula da Silva said Wednesday.

"Brazil marks an important era from today from an aerospace technological point of view," the president said during a ceremony at the Embraer industrial complex in Sao Paulo.

The new aircraft, a next-generation fighter designed for air defence, reconnaissance and attack missions, is equipped with advanced sensor and communication systems, according to official reports. It will undergo testing before its final delivery to the Brazilian Air Force.

According to the Brazilian government, the aircraft places Brazil among a select group of nations capable of developing and producing high-complexity combat aircraft.

The Brazilian Air Force said that the program has generated over 2,000 direct jobs and nearly 10,000 indirect ones while integrating the country's industry into the global aeronautical sector.

**Xinhua**

# Orange alert issued in BiH over heavy rain, stormy winds

SARAJEVO March 26

Authorities in Bosnia and Herzegovina (BiH) on Wednesday issued an orange weather warning as heavy rainfall and strong winds are expected to affect large parts of the country on Thursday.

The Federal Hydrometeorological Institute said the most intense precipitation is forecast in western regions, particularly in the northwestern Una-Sana Canton. Accumulated rainfall between March 26 and 28 could reach up to 137 liters per square meter in the border city of Bihac, with similarly high levels expected in surrounding areas.

Local authorities warned that heavy rain combined with strong winds could disrupt traffic, trigger localized flash floods, and hamper daily activities.

Meteorologist Nedim Sladic said a cold air mass of polar origin moving from Greenland toward the Adriatic will interact with warm, moist Mediterranean air, creating conditions for heavy precipitation and a sharp drop in temperatures. Rain is expected to turn into sleet and snow in mountainous areas, accompanied by strong winds.

Authorities have advised caution, particularly on mountain roads, urging drivers to use winter equipment due to the risk of snow and difficult travel conditions.

**Xinhua**

# Families of Tatmadaw (Army, Navy and Air) led by SSPC Vice Chairman Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win and wife pay respect to retired senior military officers who will attend the 81st Anniversary of Armed Forces Day ceremony

NAY PYI TAW March 26

A ceremony in which families of the Tatmadaw (Army, Navy and Air) paid respects to retired senior military officers who had served in the Tatmadaw and who will attend the 81st Anniversary of Armed Forces Day parade to be held on 27 March 2026 was held this afternoon at Bayintnaung Villa in Nay Pyi Taw.

The ceremony was attended by 18 retired senior military officers and their nine wives, totalling 27. On behalf of Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing, SSPC Vice Chairman Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win and his wife Daw Than Than Nwe, Commission Secretary Commander-in-Chief (Army) General Ye Win Oo and his wife, Commission member Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin and his wife, and senior military officers from the Office of the Commander-in-Chief and their wives paid respect to the retired senior military officers and their wives.



Vice-Senior General Soe Win presents an honorary gift to General Thein Sein (Retired).

On the occasion, the Vice-Senior General extended greetings. On behalf of the Chairman of the State Security and Peace Commission, Commander-in-Chief of Defence Services Senior General Min Aung Hlaing, the Vice-Senior General respectfully extend greetings and pay homage to all guardians of the Tatmadaw who will attend this 81st Anniversary Armed Forces Day ceremony. He would also like to express, on behalf of the entire Tatmadaw, his gratitude and pride in having the opportunity to meet all the guardians of the Tatmadaw who have proudly attended the 81st Anniversary Armed Forces Day ceremony. It can be said that this year's 81st Anniversary Armed Forces Day ceremony is a special one.Prior to the Armed Forces Day ceremony, a free and fair multi-party democratic general election, led by the State Security and Peace Commission, was successfully held in three phases across 263 townships. A total of 54.22 percent of eligible voters cast their votes voluntarily in an orderly manner. The people, based on their convictions, cast their votes for the parties and individuals they believed could successfully serve the interests of their communities, townships, and the nation. At present, the representatives elected by the people have already begun carrying out their duties in the Pyidaungsu Hluttaw, the Pyithu Hluttaw, and the Amyotha Hluttaw. In the coming days, the President and Vice Presidents will be elected, and a new democratic government will soon emerge. The responsibilities of the State will then be handed over to the newly formed democratic government.

Similarly, within the Tatmadaw, after the conclusion of the 81st Armed Forces Day ceremony, there will be changes in the leadership. Regardless of who assumes command, the Tatmadaw will continue to advance in accordance with the succession of its leaders, the guidance of its senior mentors, instructors, and advisors, and following established military doctrines and policy directions. The Tatmadaw will diligently carry out its primary responsibility of national defence and will also cooperate in alignment with the policies of the State government. Up to the present time, the Tatmadaw's ability to lead the nation and fulfill its defence duties has been made possible by the decisions and guidance of successive senior commanders, mentors, instructors, and advisors, from the pre-independence period through independence to the present. Furthermore, on behalf of all members of the Tatmadaw, their families, and senior mentors, instructors, and advisors, the Tatmadaw expresses the hope that these leaders will continue to provide sound guidance. Whoever leads, as long as the Tatmadaw remains the sole mother and father of its institution and faithfully follows the established hierarchical leadership and guidance, it will continue to carry out its primary responsibilities in national defence, safeguard the three core duties, and fully perform the nation's responsibilities within the framework of policies set by the State government.

Afterward, the Vice-Senior General and wife, senior military officers and their wives paid their humble respects to the retired military officers on behalf of families of the Tatmadaw (Army, Navy and Air) in accordance with Myanmar traditions.

Then, General Thein Sein (Retired) spoke on behalf of the retired military officers, saying it is a fine tradition to invite and pay respect to those who performed respective duties in the Tatmadaw on every Armed Forces Day and the Tatmadaw is required to be always rejuvenated and a competent, strong and capable one. A democratic government will emerge within a few days and the government will take measures for betterment of the country, the rule of law, well-being of the people and socio-economic development of the country. It is necessary to restore stability of the country to do so, the role of the Tatmadaw is very crucial. Therefore, concerted efforts must be made to be a capable Tatmadaw to perform the major duties of the Tatmadaw or national defence and security duties responsibly.

Afterward, the Vice-Senior General and his wife and senior military officers and their wives humbly presented honorary gifts to the retired military officers and their wives personally.

Then, the Vice-Senior General and the senior military officers posed for documentary photographs with the retired military officers and their wives.

Then, the Vice-Senior General and his wife cordially greeted the retired military officers and their wives.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်




ရန်ကုန် မတ် ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain နှင့် သံရုံးမှတာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဖိတ်ကြားထားသော အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Dr. Md. Monwar Hossain က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ကြကြောင်း သိရသည်။ မြဝတီ

# အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ကျိုင်းတုံ)၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ကျိုင်းတုံ)၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းရှိ အိမ်တွင်းမှုခန်းမ၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ကြီးက တိုင်းမှူးနှင့်တက်ရောက်လာကြသူများအား ကျောင်းသမိုင်း၊ သင်တန်းဆိုင်ရာအချက်အလက်များနှင့် သင်ကြားပို့ချခဲ့သည့်သင်ခန်းစာများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းအတွက် ချီးမြှင့်ငွေများ၊ သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ရာ ထူးချွန်ဆုရရှိကြသူများနှင့် တာဝန်ရှိသူ အသီးသီးကလက်ခံရယူကြပြီး သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၎င်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းသူများ၏ စက်မှုလက်မှုလက်ရာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ သွေးအလှူရှင်များ သွေးလှူဒါန်းနေမှုများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မတ် ၂၆

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ယနေ့နံနက်ပိုင်းတွင် စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့်တာဝန်ရှိသူများ၊ စေတနာရှင်သွေးအလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ စေတနာရှင်သွေးအလှူရှင်များအား လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီးတွင် စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့သွေးလှူဒါန်းနေမှုများကို တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုမိန်းမြို့၊ လဲချားမြို့၊ ကာလိမြို့၊ နမ့်စန်မြို့နှင့်လင်းခေးမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအားတွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## အမေရိကန်၏ စစ်ပွဲအဆုံးသတ်ရေး အဆိုပြုချက် တစ်ဖက်သတ်ဆန်ဟု အီရန်ပြော

**တီဟီရန်၊ စစ်ရေး**

အမေရိကန်နိုင်ငံက ပါကစ္စတန်နိုင်ငံမှ တစ်ဆင့်ပေးပို့လာသောစစ်ပွဲအဆုံးသတ်ရေးအဆိုပြုချက်မှာ တစ်ဖက်သတ်ဆန်ပြီး တရားမျှတမှုမရှိကြောင်း အီရန်အဆင့်မြင့်အရာရှိတစ်ဦးက မတ်လ ၂၆ ရက်တွင် ပြောသည်။ အဆိုပါအဆိုပြုချက်ကို အီရန်အရာရှိကြီးများနှင့် အီရန်ခေါင်းဆောင်၏ ကိုယ်စားလှယ်တို့က မတ်လ ၂၅ ရက်ညပိုင်းတွင် အသေးစိတ်သုံးသပ်ခြင်းဖြစ်သည်။

ယင်းအဆိုပြုချက်သည် အီရန်၏ ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်စွမ်းကို စွန့်လွှတ်ရန် တောင်းဆိုထားပြီး အပြန်အလှန်အားဖြင့် ပိတ်ဆို့မှုများ ရုပ်သိမ်းရေးအတွက်မရေရာသော အစီအစဉ်သာပါရှိသည်ဟုဆိုသည်။ လက်ရှိတွင် ဆွေးနွေးပွဲများအတွက် စီစဉ်ခြင်းမရှိဘဲ တူကီယဲနှင့် ပါကစ္စတန်တို့က အမေရိကန်နှင့် အီရန်တပ်မတော်တို့ကြား သဘောထားကွဲလွဲမှုများကို လျှော့ချနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

သို့သော်လည်း အမေရိကန်အနေဖြင့် လက်တွေ့ကျသော အမြင်များရှိလာပါက သံတမန်ရေးရာလမ်းစများ ပွင့်လာနိုင်သေးကြောင်း အီရန်အရာရှိကထည့်သွင်းပြောကြားသည်၊ ထိုငြိမ်းချမ်းရေးအဆိုပြုချက်သည် ဒေသတွင်းတင်းမာမှုများကို လျှော့ချနိုင်ရန် ကြိုးပမ်းချက်တစ်ခုဖြစ်ကြောင်း သိရသည်။ **Ref: ST**

## အိန္ဒိယနှင့်ရုရှားသင်္ဘောများ ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်းခွင့်ရရှိကြောင်း အီရန်ထုတ်ပြန်



**တီဟီရန်၊ နိုင်ငံရေး**

အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံပိုင်သင်္ဘောများကို ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ဖြတ်သန်းသွားလာခွင့်ပြုလိုက်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်အာရတ်ချီက မတ်လ ၂၅ ရက်တွင်ပြောသည်။ အီရန်နိုင်ငံသည် အိန္ဒိယ၊ ရုရှား၊ တရုတ်၊ အီရတ်နှင့် ပါကစ္စတန်နိုင်ငံတို့ကို ချစ်ကြည်ရင်းနှီးသောနိုင်ငံများအဖြစ် သတ်မှတ်ကာ အဆိုပါအရေးပါသည့်ရေကြောင်းနေရာမှ ဖြတ်သန်းခွင့်ပြုခြင်းဖြစ်သည်။

ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ရရှိမှု၏ ၅ ပုံ ၁ ပုံခန့်စီးဆင်းရာလမ်းကြောင်းဖြစ်သည့် ဟော်မုဇ်ရေလက်ကြားတွင် သင်္ဘောများသွားလာမှု အဟန့်အတားဖြစ်ခြင်းကြောင့် ကမ္ဘာတစ်ဝန်းရှိ ကုန်စည်ဈေးနှုန်းများမြင့်တက်လာခဲ့သည်။

ယင်းနောက် အီရန်အစိုးရသည် ၎င်းတို့အပေါ် ရန်လိုခြင်းမရှိသည့်အပြင် တိုက်ခိုက်မှုများကိုကူညီပံ့ပိုးခြင်းမပြုသော သင်္ဘောများကိုသာ ဘေးကင်းစွာဖြတ်သန်းခွင့်ပြုမည်ဖြစ်ပြီး အီရန်တာဝန်ရှိသူများ၏လုံခြုံရေးစည်းမျဉ်းများကို လိုက်နာရမည်ဟူသော အခြေအနေတစ်ရပ်ကို ယခုသီတင်းပတ်တွင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၎င်းတို့အတွက်လိုအပ်သော ရေနံပမာဏစုစုပေါင်းအနက် ၈၅ ရာခိုင်နှုန်းနှင့် သဘာဝဓာတ်ငွေ့ ၅၀ ရာခိုင်နှုန်းခန့်ကို ပြည်ပမှသာတင်သွင်းနေရခြင်းဖြစ်သည်။ ယခုအခါ အိန္ဒိယအလံလွှင့်ထူထားသည့် သင်္ဘောနှစ်စင်းသည် အမေရိကန်နှင့် အီရန်တပ်မတော်တို့ကြားဖြစ်ပွားနေသော စစ်ပွဲကာလအတွင်း ဟော်မုရေလက်ကြားကို ဖြတ်သန်းနိုင်ခဲ့ပြီဖြစ်ကြောင်း အိန္ဒိယအစိုးရက အတည်ပြုထားသည်။ **Ref: RT**

## မလေးရှားနိုင်ငံတွင် ရေနံဈေးနှုန်း မြင့်တက်မှုကြောင့် စက်သုံးဆီထိန်းချုပ်ရေး အစီအမံများ ထုတ်ပြန်

**ကွာလာလမ်ပူ၊ စက်သုံးဆီ**

မလေးရှားအစိုးရသည် ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်နေမှုကြောင့် စက်သုံးဆီဖူလုံစေရန် နှင့် မှောင်ခိုရောင်းဝယ် မှု များကို တားဆီးနိုင်ရန် စက်သုံးဆီစီမံခန့်ခွဲမှုအစီအစဉ်အသစ်များကို မတ်လ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ထောက်ပံ့ကြေးပေးသည့် စက်သုံးဆီအစီအစဉ်ကို ပြင်ဆင်ခြင်း၊ ဝယ်ယူခွင့်ပမာဏကို ကန့်သတ်ခြင်းနှင့် မှောင်ခိုဈေးကွက်ကို တင်းကျပ်စွာအရေးယူခြင်းဟူသည့်အချက်သုံးချက်ကို အဓိကထားဆောင်ရွက်မည်ဟုပြောသည်။

ထိုအစီအစဉ်အရ BUDI95 ထောက်ပံ့ကြေးပေးစနစ်၌ တစ်လလျှင် လီတာ ၃၀၀ မှ ၂၀၀ သို့ လျှော့ချသတ်မှတ်ပြီး ဧပြီလ ၁ ရက်မှစ၍သက်ရောက်မှုရှိမည်ဖြစ်သည်။ အစိုးရအနေဖြင့် စက်သုံးဆီဝယ်ယူမှုကို ယာယီကန့်သတ်ခြင်းဖြင့် တရားမဝင်သိုလှောင်မှုများကို ဟန့်တားသွားမည်ဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

## ရုရှားသို့ ယူကရိန်းကပေးပို့သော လူသားချင်းစာနာမှု အကူအညီများတွင် ဖောက်ခွဲရေးပစ္စည်းများပါဝင်နေ



**မော်စကို၊ စစ်ရေး**

ရုရှားနိုင်ငံသို့ ယူကရိန်းနိုင်ငံကပေးပို့သောလူသားချင်းစာနာမှုအကူအညီများတွင် ဖောက်ခွဲရေးပစ္စည်းများပါဝင်ကြောင်း ရုရှားထောက်လှမ်းရေးအဖွဲ့ကထုတ်ပြန်ထားသည်။ ယူကရိန်းအထူးတပ်ဖွဲ့ကပေးပို့သော အပူပေးဖိနပ်အောက်ခံပြားများ၏ အတွင်းဘက်၌ ဖောက်ခွဲရေးပစ္စည်းများ ထည့်သွင်းထားခြင်းဖြစ်ကြောင်း၊ ရုရှားပရဟိတအဖွဲ့နှင့် ဖောင်ဒေးရှင်းများမှ တစ်ဆင့်ရုရှားစစ်သည်များအတွက် ထိုဖိနပ်အောက်ခံပြားများကို ပေးပို့လာခြင်းဖြစ်ကြောင်း ရုရှားထောက်လှမ်းရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါဖိနပ်အောက်ခံပြားတစ်ခုစီတွင် တီအန်တီယမ်း ၁ ဒသမ ၅ ဂရမ်ရှိဖောက်ခွဲရေးပစ္စည်းများ ထည့်သွင်းထားသည်။ ထိုဖောက်ခွဲရေးပစ္စည်းသည် စစ်သည်တစ်ဦး၏ခြေထောက်ကို ဒဏ်ရာရရှိစေကာ တိုက်ခိုက်နိုင်စွမ်းမရှိအောင်ပြုလုပ်နိုင်သည်။

ပိုလန်နိုင်ငံမှ ဘယ်လာရုစ်နိုင်ငံကို ဖြတ်သန်းသယ်ဆောင်လာသည့် ဖိနပ်အောက်ခံပြားအခုရေ ၅၀၀ ကျော်ကို ရုရှားထောက်လှမ်းရေးအဖွဲ့က သိမ်းဆည်းရမိသော်လည်း ယူကရိန်းဘက်ကမူ ထောင်ပေါင်းများစွာသောဖောက်ခွဲရေးပစ္စည်းများကို ရုရှားတပ်မတော်အတွင်းရောက်ရှိအောင်ပို့ဆောင်ထားသည်ဟုဆိုသည်၊ ယခင်က လူသားချင်းစာနာမှုအကူအညီအဖြစ် အသွင်ယူပြီးပေးပို့သော ဒရုန်းသုံးမျက်မှန်များပေါက်ကွဲမှုကြောင့် ရုရှားမှဒရုန်းမောင်းနှင်သူများ သေဆုံးမှုရှိခဲ့ဖူးသည်။ **Ref: Militarnyi**

## ထိုင်းနိုင်ငံ၌ စက်သုံးဆီအပေါ်ထောက်ပံ့ကြေးပေးမှုကို လျှော့ချမှုကြောင့် ဆီဈေးနှုန်းများတိုးမြှင့်သတ်မှတ်

**ဘန်ကောက်၊ စက်သုံးဆီ**

ထိုင်းနိုင်ငံတွင် ကမ္ဘာ့ရေနံဈေးနှုန်းများ ဆက်တိုက်မြင့်တက်လာချိန်တွင် အစိုးရက စက်သုံးဆီအပေါ် ထောက်ပံ့ကြေးပေးမှုကိုလျှော့ချလိုက်ခြင်းကြောင့် စက်သုံးဆီဈေးနှုန်းများကို တိုးမြှင့်သတ်မှတ်လိုက်ရကြောင်းသိရသည်။ မတ်လ ၂၆ ရက်တွင် တိုးမြှင့်သတ်မှတ်မှုအရ ဒီဇယ်နှင့် ဓာတ်ဆီဈေးနှုန်းသည် တစ်လီတာလျှင် ၆ ဘတ် မြင့်တက်လာသည်။

ထိုင်းအစိုးရသည် ပြည်တွင်းစက်သုံးဆီဈေးနှုန်းကို အိမ်နီးချင်းနိုင်ငံများနှင့် ညီမျှစေရန် ညှိနှိုင်းဆောင်ရွက်နေခြင်းဖြစ်ပြီး ဈေးနှုန်းနိမ့်ကျနေမှုကြောင့် နယ်စပ်ဖြတ်ကျော် မှောင်ခိုကူးသန်းမှုနှင့် သိုလှောင်မှုဖြစ်ပေါ်လာမည်ကို စိုးရိမ်လျက်ရှိသည်။

စက်သုံးဆီရန်ပုံငွေအဖွဲ့သည် စက်သုံးဆီဈေးနှုန်းကိုမတိုးမြှင့်စေရေးအတွက် တစ်ရက်လျှင် ဘတ် ၂ ဒသမ ၅ ဘီလီယံကို ထောက်ပံ့ကြေးပေးနေရသဖြင့် ရေရှည်အတွက် ငွေကြေးလည်ပတ်မှု အခက်အခဲရှိနိုင်သောကြောင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်သည်ဟု တာဝန်ရှိသူများကပြောသည်။ ထို့ပြင် ကမ္ဘာ့စွမ်းအင်ဈေးကွက်က မတည်မငြိမ်ဖြစ်နေစဉ် စက်သုံးဆီများကို ထိရောက်စွာအသုံးပြုရန်လည်း တာဝန်ရှိသူများက တိုက်တွန်းထားသည်။ ယခုလုပ်ဆောင်ချက်သည်စက်သုံးဆီဈေးနှုန်းကို ရေရှည်စီမံခန့်ခွဲနိုင်ရန်ဆောင်ရွက်မှုလည်း ဖြစ်သည်။ **Ref: Xinhua**




## တိုကျိုမြို့ရှိ ကုန်တိုက်တစ်ခု၌ ဓားထိုးမှုဖြစ်ပွား လူနှစ်ဦးသေဆုံး

**တိုကျို၊ လုံခြုံရေး**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စည်ကားသောကုန်တိုက်တစ်ခု၌ မတ်လ ၂၆ ရက် ညနေပိုင်းတွင် ဓားထိုးမှုတစ်ခုဖြစ်ပွားရာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း ဒေသတွင်းသတင်းများက ဖော်ပြသည်၊ မတ်လ ၂၆ ရက်ဒေသစံတော်ချိန် ည ၇ နာရီမိနစ် ၂၀ ခန့်တွင် ကုန်တိုက်ရှိ ဂိမ်းပစ္စည်းအရောင်းဆိုင်၌ ဓားကိုင်ဆောင်ထားသော အမျိုးသားတစ်ဦးက အသက် ၂၀ ရှိ ဆိုင်ဝန်ထမ်းဟုယူဆရသော အမျိုးသမီးကို ဓားဖြင့်ထိုးပြီးနောက် ကိုယ့်လည်ပင်းကိုယ် ဓားဖြင့်ထိုးခြင်းဖြစ်ကြောင်း NHK သတင်းဌာနကဖော်ပြသည်။ ယင်းနောက် ၎င်းတို့နှစ်ဦးစလုံးသည် ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးသွားခြင်းဖြစ်ကြောင်းသိရသည်။ **Ref: ST**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၁)၏ သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၂၆

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၁)၏သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ်ရှိနဝရတ်ခန်းမ၌ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား) ပါမောက္ခချုပ် ဦးကျော်စိုးက သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၆ ဦး၊ သင်တန်းသူ ၂၄ ဦး၊ စုစုပေါင်း ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# နယ်စပ်ရေးရာဝန်ကြီးဌာန မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲနှင့် မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ခြင်းကျင်းပ



နေပြည်တော် မတ် ၂၆

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုင်းထွန်းညို၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဥတ္တရသီရိခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသက်နောင်က မီးသတ်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် မီးဘေးလုံခြုံရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ခြင်းကို ဝန်ကြီးဌာနယာဉ်ရပ်နားကွင်း၌ ဆက်လက်ကျင်းပရာ ဥတ္တရသီရိခရိုင်မီးသတ်ဦးစီးမှူးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးတို့က မီးလောင်ကျွမ်းမှုဖြစ်ပေါ်လာပါက ငြိမ်းသတ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများနှင့်အတူ လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သန်လျင်မြို့နယ်နှင့် ဒလမြို့နယ်တို့ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၂၆

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဝင်းခနီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ မနောမယကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၄ပါးနှင့် ဒေသခံပြည်သူ ၁၁၈ ဦးအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဓနုတ်စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ သာသနာ့ဗိမာန်ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၃ ဦးအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# CNG သုံး YBS ယာဉ်များ သတ်မှတ်ခရီးစဉ်လမ်းကြောင်းအတိုင်း ပြေးဆွဲခြင်းမရှိပါက CNG ပိတ်သိမ်းအရေးယူမည်

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းပြေးဆွဲလျက်ရှိသည့် CNG သုံး YBS ယာဉ်များအနေဖြင့် သတ်မှတ်ခရီးစဉ်လမ်းကြောင်းအတိုင်း ပြေးဆွဲခြင်းမရှိပါက CNG ပိတ်သိမ်းအရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ သိရသည်။

"CNG အသုံးပြုတဲ့ YBS ယာဉ်တွေအနေနဲ့ နိုင်ငံတော်ကနေပြီးတော့ ဈေးနှုန်းချိုသာစွာနဲ့ရောင်းချပေးပြီးတော့ ဝယ်ယူခွင့်ပြုတဲ့အတွက်ကြောင့် CNG အသုံးပြုတဲ့ YBS ယာဉ်တွေကို အခြားနေရာတွေမှာ အသုံးပြုလို့ရှိရင် CNG ပိတ်သိမ်းခြင်းကို ကျွန်တော်တို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်ကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖွဲ့စည်းတာဝန်ပေးချက်အရ YRTC ရဲ့ ကြီးကြပ်မှုအောက်တွင် YBS ယာဉ်လိုင်းကုမ္ပဏီ ၂၁ ခု၊ ယာဉ်လိုင်း ၁၄၅ လိုင်း၊ ယာဉ်အစီးရေ ၅၄၃၈ စီးရှိပြီး CNG အသုံးပြုယာဉ် ၅၀၁၃ စီး၊ ဒီဇယ်အသုံးပြုယာဉ် ၄၂၃ စီးရှိကြောင်း သိရသည်။




ထို့အတူ YBS ဒီဇယ်အသုံးပြုယာဉ် ၄၂၃ စီးရှိပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ တစ်နေ့လျှင် ဒီဇယ် ၂၀ လီတာကို တန်းစီဝယ်ယူခြင်းမှ ၂၀ လီတာတိုးကာ နေ့စဉ် ၄၀ လီတာကို ညအချိန်တွင်ဆီဖြည့်ပြီး ခေါက်ရေပြည့်မီအောင်ပြေးဆွဲနိုင်ရေး စီစဉ်ပေးထားသည့်အတွက် ခရီးသွားပြည်သူများအနေဖြင့် ယာဉ်ထွက်စီးရေတိုးတက်လာကာ ပိုမိုချောင်လည်စွာစီးနင်းနိုင်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ် မတ်လဆန်းပိုင်းတွင် ယာဉ်လိုင်း ၁၃၂ လိုင်း၊ ယာဉ်အစီးရေ ၃၄၀၀ ခန့်၊ ခရီးသည် ၁ ဒသမ ၄၆ သန်းခန့်ရှိရာမှ လက်ရှိဖြစ်ပေါ်နေသည့် စက်သုံးဆီအခြေအနေကြောင့် ယာဉ်လိုင်း ၁၃၂ လိုင်း၊ ယာဉ်အစီး ရေ ၃၅၀၀ ခန့်၊ ခရီးသည် ၁ ဒသမ ၇ သန်းခန့်ရှိလာခဲ့ပြီး ယခင်ထက် ခရီးသည် ၂၅၀၀၀၀ ကျော် ပိုမိုစီးနင်းလာကြောင်းလည်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီမှ သိရသည်။

ဝန်းရံခ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားသို့တက်ရောက်လာကြသူများ၏ ဝမ်းသာပီတိစကားသံများ

(၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူစာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို မတ်လ ၂၆ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှော်ခန်းမဆောင်၌ကျင်းပပြုလုပ်သည်။ အဆိုပါအခမ်းအနားသို့တက်ရောက်လာကြသူများ၏စကားသံများကို ဖော်ပြလိုက်ရပါသည်-



ရဲမင်းစိုး
ကဗျာ(အလွတ်တန်း)ပထမဆု



စုစုဇော်(သီရိခေတ္တရာ)
စစ်သည်တေးသီချင်း ပထမဆု



မနောဖြူ
ဝတ္ထုတို(ဝါသနာရှင်)ပထမဆု



မင်းလပြည့်(ဟားခါး)
ဝတ္ထုတို(အလွတ်တန်း)စတုတ္ထဆု



ဟန်ညွန့်(ယဉ်ကျေးမှု)
ဝတ္ထုရှည်(ဝါသနာရှင်)စတုတ္ထဆု

**ရဲမင်းစိုး**
**ကဗျာ(အလွတ်တန်း) ပထမဆု**

ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း ကဗျာအမည်နဲ့ ပထမဆု ရရှိတာဖြစ်ပါတယ်။ ကဗျာရေးဖြစ်တာက ဖယ်ခုံမြို့မှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို သွားရောက်ဆောင်ရွက်ရင်း ဌာနဆိုင်ရာရုံးတွေ၊ လူနေအိမ်တွေရဲ့ တွေ့ကြုံခဲ့မှုအပေါ်အခြေခံပြီး ရေးဖွဲ့ခဲ့တာပါ။ ကဗျာကို လေးလုံးစပ်ကဗျာအမျိုးအစားနဲ့ရေးစပ်ခဲ့တာပါ။ ကဗျာထဲမှာဆိုရင် တကယ်မြေပြင်မှာဖြစ်ပျက်နေတာတွေကို ခံစားရေးထားပြီး အပိုဒ် ၂၄ ပိုဒ်ပါဝင်ပါတယ်။ စစ်ကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေ၊ စစ်ကြောင့် မငြိမ်းချမ်းတဲ့အကြောင်းတွေ၊ စစ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေလုပ်ရတဲ့အခါမှာ အခက်အခဲစတဲ့အကြောင်းတွေလည်း ပါဝင်ပါတယ်။ အခုလိုမျိုး အခမ်းအနားကြီးနဲ့ ဆုတက်ရောက်ယူရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။

**စုစုဇော် (သီရိခေတ္တရာ)**
**စစ်သည်တေးသီချင်း ပထမဆု**

(၈၁)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်အခမ်းအနားကြီးရဲ့ စစ်သည်တေးသီချင်းပြိုင်ပွဲမှာ ပထမဆုရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဒီလိုအခမ်းအနားမျိုးကို တက်ရောက်ရတဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ သီချင်းထဲကနေ ပြောချင်တာကတော့ စစ်ဝတ်စုံကို ဝတ်ဆင်ရခြင်းဖြင့် ဂုဏ်ယူတတ်အောင်၊ ဂုဏ်ယူချင်စိတ်တွေပေါက်လာအောင်၊ ကိုယ်တာဝန်ယူထားရတဲ့အရာသည် နိုင်ငံသားကောင်းအနေနဲ့ တာဝန်ယူထားရတဲ့စိတ်တွေဖြစ်လာအောင် သီချင်းထဲကနေပြီးတော့ ဖော်ပြပေးခြင်းပဲဖြစ်ပါတယ်။ တပ်မတော် (ကြည်း၊ ရေ၊ လေ)ကိုဂုဏ်ယူဝင့်ကြွားတဲ့ စစ်ယူနီဖောင်းမျိုးကို ဝတ်စေချင်တဲ့ဆန္ဒနဲ့လည်း ရေးဖွဲ့ထားတာပါ။ နိုင်ငံတစ်နိုင်ငံမှာ တပ်မတော်သည် အချုပ်အခြာအာဏာပိုင်စိုးမှုရှိရမယ်။ အဲ့လိုမှသာ အခြားနိုင်ငံတွေကနေ ကိုယ့်နိုင်ငံအပေါ်မှာ ကျူးကျော်မှုမလုပ်နိုင်မှာဖြစ်ပါတယ်။ တပ်မတော်ကြီးသည် ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံကြီး ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါရပ်တည်နိုင်ရေးအတွက် တည်ရှိနေမှာဖြစ်ပါတယ်။

**မနောဖြူ**
**ဝတ္ထုတို (ဝါသနာရှင်) ပထမဆု**

ဝတ္ထုတိုမှာ ဘယ်လိုခံစားချက်မျိုးနဲ့ ရေးခဲ့တာလဲဆိုရင်တော့ ကျွန်တော်တို့ တပ်မတော်သားတွေရဲ့ ကိုယ်ပိုင်နံပါတ်က နိုင်ငံ့အတွက်တင်သာမကဘဲ မိသားစုကြား၊ ပြည်သူလူထုကြားမှာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတဲ့ဟာလေးကို ခံစားမိပြီးတော့ ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ် ဆိုတဲ့ဝတ္ထုတိုလေးကိုရေးခဲ့တာပဲဖြစ်ပါတယ်။ တပ်မတော်သားတွေအားလုံး ကျန်းမာ၊ ချမ်းသာပါစေလို့ဆုတောင်းပါတယ်။ လူငယ်တွေအနေနဲ့လည်း ပညာမြင့်မှ လူမျိုးတင့်မည်ဆိုတဲ့အတိုင်း ကျွန်တော်တို့မြန်မာနိုင်ငံမှာ မျိုးဆက်သစ်တွေအားလုံးသည် စာဖတ်မှ ကျွန်တော်တို့ လူမျိုးဟာ ကမ္ဘာ့အလယ်မှာဝင့်ထည်နိုင်မယ်လို့ပြောချင်ပါတယ်။

**မင်းလပြည့် (ဟားခါး)**
**ဝတ္ထုတို (အလွတ်တန်း) စတုတ္ထဆု**

(၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဝတ္ထုတို (အလွတ်တန်း) ပြိုင်ပွဲမှာ ဝင်ပြိုင်ခဲ့ပါတယ်။ စစ်ကိုမုန်းခဲ့သော်လည်းဆိုတဲ့ခေါင်းစဉ်နဲ့ စတုတ္ထဆုကို ရရှိခဲ့ပါတယ်။ ယခင်နှစ်ကမှစပြီး ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ယခင်နှစ်ကတော့ အထူးဆု(၁)ကိုရရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဝတ္ထုတိုကို ရေးသားဖြစ်တာကတော့ နိုင်ငံတိုင်းနိုင်ငံတိုင်း ငြိမ်းချမ်းမှုကိုလိုချင်လို့ ရေးသားခဲ့ခြင်းဖြစ်ပြီး ဝတ္ထုတိုပါအကြောင်းအရာကတော့ ငြိမ်းချမ်းမှုဆိုတာက ပြည်တွင်းသောင်းကျန်းမှုတွေ ကင်းရှင်းရမယ်။ ပြည်ပက နှောင့်ယှက်မှုတွေမရှိရဘူး။ ဒီအချက်နှစ်ချက်ပြည့်စုံမှ တိုင်းပြည်ဟာငြိမ်းချမ်းပါတယ်။ ယနေ့ နိုင်ငံတော်အခင်းအကျင်းက နံနက်ခင်း နေရောင်ခြည်ထွက်လာသလိုပါပဲ။ ကြည်နူးမှုတွေ၊ အောင်မြင်မှုတွေနဲ့ပြည့်စုံမယ့် အခင်းအကျင်းဖြစ်တယ်လို့ ယူဆပါတယ်။ (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဆုတောင်းစကားလေးကတော့ ကျွန်တော်တို့တပ်မတော်ကြီး ကမ္ဘာတည်သရွေ့ထာဝရအစွန့်ရှည်ပါစေ။ တပ်မတော်ကြီးဟာ အင်အားတောင့်တင်းတဲ့၊ ကမ္ဘာ့အလယ်မှာ စံနမူနာပြလေးစားခံညားရတဲ့ တပ်မတော်ကြီးတစ်ခုဖြစ်ပါစေလို့တောင်းဆုပြုပါတယ်။

**ဟန်ညွန့်(ယဉ်ကျေးမှု)**
**ဝတ္ထုရှည်(ဝါသနာရှင်) စတုတ္ထဆု**

ကျွန်တော့်နာမည်က ဦးဟန်ညွန့်ဖြစ်ပြီး ကလောင်အမည်က ဟန်ညွန့်(ယဉ်ကျေးမှု) အမည်နဲ့ စာရေးတာဖြစ်ပါတယ်။ (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြိုင်ပွဲမှာ ဝတ္ထုရှည် (ဝါသနာရှင်) စတုတ္ထဆုရရှိတာဖြစ်ပါတယ်။ ဒီဝတ္ထုကို ရေးဖို့စိတ်ကူးမိတာက တပ်မတော်မှာ တာဝန်ထမ်းဆောင်နေတဲ့အမျိုးသမီးတွေ သင်တန်းတက်ပြီး သူတို့ရဲ့လုပ်ဆောင်မှုတွေ၊ တီဗွီဖန်သားပြင်ပေါ်မှာတွေ့ရတဲ့ စစ်ရေးပြမြင်ကွင်းတွေကိုတွေ့မြင်ပြီး ရေးဖြစ်ခဲ့တာပါ။ အမျိုးသမီးလူငယ်လေးတွေက သူတို့စိတ်ဆုံးဖြတ်ချက်နဲ့ ဝန်ထမ်းမလုပ်ဘဲ တပ်မတော်ထဲကို ခြေစုံပစ်ဝင်စစ်မှုထမ်းတဲ့အကြောင်းလေးနဲ့ သူတို့စိတ်ကလေးတွေကို လေးစားသဘောကျတဲ့ ခံစားချက်ကလေးနဲ့ရေးဖွဲ့ထားတာပါ။ (၈၁) နှစ်မြောက် တပ်မတော်နေ့မှသည် နောင်နှစ်ပေါင်းများစွာ အစွန့်ရှည်တည်တံ့ခိုင်မြဲပါစေ။ တပ်မတော်ကြီးအင်အား အသစ်များနှင့်အတူ အောင်မြင်တိုးတက်မှုများစွာရရှိပါစေ။ နိုင်ငံတစ်နိုင်ငံမှာ တပ်မတော်ဆိုတာ မရှိလို့မဖြစ်ပါဘူး။ တပ်မတော်သည် ဘယ်တော့မှသစ္စာမဖောက်ပါဘူး။ တပ်မတော်သားလျှင်အမိ၊ တပ်မတော်သားလျှင်အဖဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ တပ်မတော်ဆိုတာရှိရမှာဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်လေးအားလုံး ဒို့တာဝန်အရေးသုံးပါးဦးတည်ချက်နဲ့အတူ မိမိတို့တိုင်းပြည်အပေါ် ကာကွယ်စောင့်ရှောက်ကြပါလို့ ကျွန်တော်ပြောချင်ပါတယ်။ ဘယ်လိုစာပေပြိုင်ပွဲ၊ စာမူများကိုမဆို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ပါတယ်။



မောင်စူးရှ(အနောက်ရိုးမ)
ဝတ္ထုရှည်(အလွတ်တန်း)စတုတ္ထဆု

**မောင်စူးရှ (အနောက်ရိုးမ)**
**ဝတ္ထုရှည် (အလွတ်တန်း) စတုတ္ထဆု**

(၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲမှာ မမေ့ဘယ်ခါ နှလုံးသားထဲက ကြည်ပြာအမည်နဲ့ဝတ္ထုရှည် (အလွတ်တန်း) စတုတ္ထဆုရရှိခဲ့တာဖြစ်ပါတယ်။ ဒီဆုကိုရရှိတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော်ဝတ္ထုရှည်၊ ဝတ္ထုတိုဆုရရှိခဲ့တာ ဒီနှစ်ဆုပါဆိုရင် လေးဆုရရှိခဲ့တာဖြစ်ပါတယ်။ တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင် ထာဝရစစ်သားဖြစ်ရမယ်ဆိုတဲ့ စိတ်ဓာတ်ဦးတည်ချက်တွေနဲ့ ရေးဖွဲ့ထားတာဖြစ်ပါတယ်။ နိုင်ငံတော်မှာ လက်ရှိတပ်မတော်ရဲ့ကြိုးပမ်းဆောင်ရွက်မှုတွေကိုလည်း ထဲထဲဝင်ဝင်သိမြင်မှာဖြစ်ပါတယ်။ တပ်မတော်ကြီးလည်း ထာဝရတိုးတက်တည်တံ့ခိုင်မြဲပါစေလို့ ဆုတောင်းပါတယ်။

ရွှေဖြိုး၊ လှဲ့ရည်လှိုင်

# ပင်မှည့်သီး၏ကျန်းမာရေးဆိုင်ရာကောင်းကျိုးများ

ဒေါက်တာလပြည့်ခင်



ပင်မှည့်သီးဖျော်ရည်၏ အရသာချိုချဉ်မွှေးလေးက ခံတွင်းရှင်းပြီး အမောပြေစေကာ အရသာရှိသကဲ့သို့ သောက်သည့်သူတိုင်းကို ကောင်းကျိုးများစွာပေးနေသည့် ပင်မှည့်သီးသည် အစေ့လေးများပါ ဝါးစား၍ရသောအသီးဖြစ်သည်။ Passifloraceae မျိုးရင်းဝင်ဖြစ်သည့် ပင်မှည့်သီးကို အင်္ဂလိပ်လို Passion Fruit ဟုခေါ်ပြီး ရုက္ခဗေဒအားဖြင့် Passiflora Edulis ဟုခေါ်သည်။ ထိုပင်မှည့်သီးသည် လူတို့၏ကျန်းမာရေးအတွက် မည်ကဲ့သို့အထောက်အကူပြုကြောင်းကို ဖော်ပြလိုက်ရပါသည်။

**ပင်မှည့်သီးတွင်ပါဝင်သောအာဟာရများ**

ပင်မှည့်သီးတွင် ဗီတာမင်၊ သံဓာတ်၊ အမျှင်ဓာတ်၊ ရေဓာတ်နှင့်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သည်။ ပုံမှန်အရွယ်ပင်မှည့်သီးတစ်လုံးတွင် ဗီတာမင်-A၊ ဗီတာမင်-C၊ သံဓာတ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ကယ်လ်စီယမ်၊ အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝစွာပါဝင်သည်။ ပင်မှည့်သီးဖျော်ရည်တွင် အဆီ ၁ ဒသမ ၆ ဂရမ်၊ ပရိုတင်း ၅ ဒသမ ၂ ဂရမ်၊ ကာဗိုဟိုက်ဒရိတ် ၅၅ ဂရမ်၊ ဗီတာမင်-C၊ ဗီတာမင်-A၊ ကယ်လ်စီယမ် ၁၂ ဒသမ ၈ ရာခိုင်နှုန်း၊ နှလုံးကြွက်သားများနှင့် သွေးကြောများအတွက် လိုအပ်သည့် ပိုတက်ဆီယမ်၊ သံဓာတ်နှင့် အမျှင်ဓာတ်အများအပြားပါဝင်သည်။

**လူကိုလန်းဆန်းစေသော ပင်မှည့်သီး**

ပင်မှည့်သီးတွင် ရေဓာတ်ကြွယ်ဝသောကြောင့် ပင်မှည့်သီးဖျော်ရည်သောက်ပြီးနောက် တခြားဖျော်ရည်များကဲ့သို့ ရေဆာခြင်းမဖြစ်စေဘဲ ချိုချဉ်အရသာကြောင့် သောက်လိုက်သည့်သူတိုင်းကို လန်းဆန်းစေသည်။

**နှလုံးနှင့်နာတာရှည်ရောဂါများကို ကာကွယ်ပေးနိုင်**

ပင်မှည့်သီးတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ ပိုတက်ဆီယမ်နှင့် အမျှင်ဓာတ်က သွေးလည်ပတ်မှုကောင်းမွန်စေပြီး သွေးပေါင်ချိန်ကို ထိန်းညှိပေးသောကြောင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုသည်။ အသက်ကြီးလာချိန်ဖြစ်တတ်သည့် နှလုံးရောဂါနှင့် တခြားနာတာရှည်ရောဂါများဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

**သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်**

ပင်မှည့်သီး၏ ချိုချဉ်မွှေးအရသာက ခံတွင်းရှင်းစေပြီး ဖျော်ရည်လုပ်သောက်၍ကောင်းသည့်အပြင် သကြားပါဝင်မှုပမာဏလည်းနည်းသောကြောင့် ပင်မှည့်သီးစားသုံးပြီး သွေးတွင်းသကြားဓာတ်အလွန်အမင်းမြင့်တက်လာမည်မဟုတ်ဟု ဆိုကြသည်။

**အရိုးအဆစ်များကိုသန်မာစေနိုင်**

ပင်မှည့်သီးတွင်ပါဝင်သည့် သံဓာတ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ကယ်လ်စီယမ် စသည့်အာဟာရဓာတ်များကြောင့် အရိုးအဆစ်များ သန်မာစေရုံသာမက အဆစ်ရောင်ဝေဒနာကိုပါ သက်သာစေနိုင်သည်။

**သွေးတိုးကျစေနိုင်**

ပင်မှည့်ရွက်တွင် အယ်လ်ကာလွိုက် (Alkaloid)များပါဝင်ပြီး သွေးတိုးကျသည့်အပြင် စိတ်ငြိမ်သက်ခြင်း၊ ကြွက်တက်မှုလျော့ကျခြင်း စသည့်အာနိသင်များရှိသောကြောင့် ပင်မှည့်ရွက်ကို အများစုကဆေးဝါးအဖြစ် အသုံးပြုကြသည်။

**စိတ်တည်ငြိမ်စေနိုင်**

ပင်မှည့်ပန်းသည် စိတ်ငြိမ်စေသောအာနိသင်အနည်းငယ်ရှိပြီး အိပ်မောကျစေသည်။ ပင်မှည့်ပန်းကို နှာစေးကြောအလုပ်လုပ်လွန်သည့်ရောဂါကုသရာတွင် အသုံးပြုသည့်အပြင် အလွယ်တကူ စိတ်လှုပ်ရှားလွယ်သည့်ကလေးများကို ကုသရာတွင်လည်း သုံးလေ့ရှိသည်။ ထို့ပြင် အစာအိမ်နှင့် အူလမ်းကြောင်းဝေဒနာ၊ သွေးဆုံးဝေဒနာများကို ကုသရာတွင် အသုံးဝင်သကဲ့သို့ စိတ်အာရုံချောက်ချားမှုကိုလည်း အတန်အသင့်သက်သာစေသည်ဟု ယုံကြည်ကြသည်။

**ကင်ဆာဆဲလ်များကိုသေစေနိုင်**

ပင်မှည့်သီးအဝါရောင်မှ ထုတ်ထားသည့်အနှစ်သည် ကင်ဆာဆန့်ကျင်သောအာနိသင်များရှိသော ဖိုင်တိုကမ်မီကယ်များ(Phytochemicals) ဖြစ်သည့် ကာရိုတီးနွိုက် (Carotenoid) နှင့် ပိုလီဖီနော (Polyphenol) တို့ ပါဝင်သောကြောင့် ကင်ဆာဆဲလ်များကို သေစေနိုင်သည်ဟု သုတေသီများက လေ့လာတွေ့ရှိထားသည်။

**ပန်းနာရင်ကျပ်ရောဂါကိုသက်သာစေနိုင်**

ပင်မှည့်သီးသည် ဓာတ်မတည့်ပစ္စည်းများထွက်ခြင်း၊ ကိုယ်တွင်းရောင်ရမ်းခြင်းများကိုသက်သာစေသောကြောင့် ပန်းနာရင်ကျပ်ရောဂါရှိသူများအတွက် လက်စွဲထားရသည့်အသီးဖြစ်သည်။ ခရမ်းရောင်ပင်မှည့်သီးအနှစ်ကို စားသုံးပေးခြင်းဖြင့် ပန်းနာရင်ကျပ်လက္ခဏာများကို လျော့ကျစေသည်။

**ကိုယ်ခံစွမ်းအားစနစ်ကို ကောင်းမွန်စေနိုင်**

ပင်မှည့်သီးတွင်ပါဝင်သည့် ဗီတာမင် -C သည် ကိုယ်ခံစွမ်းအားစနစ်ကို ကောင်းမွန်စေပြီး ထိခိုက်ဒဏ်ရာများရခဲ့လျှင် အနာကျက်နှုန်း မြန်ဆန်ကောင်းမွန်အောင် ကူညီပေးနိုင်သည်။

**အဆစ်ရောင်ဝေဒနာကိုသက်သာစေနိုင်**

ပင်မှည့်သီးတွင်ပါဝင်သည့် ပိုတက်ဆီယမ်က ကိုယ်တွင်းအရည်စနစ်ကို မျှတအောင်ထိန်းပေးနိုင်သည့် ဓာတ်ဆားတစ်မျိုးဖြစ်ကာ တစ်နေ့တာလိုအပ်သည့် ပမာဏရရှိသည့်အတွက် သွေးတိုးကျစေပြီး ကြွက်သားများကို စွမ်းအင်တိုးစေကာ အဆစ်ရောင်ဝေဒနာကို သက်သာစေသည်။

**သက်လုံကောင်းစေသော ပင်မှည့်သီး**

ပင်မှည့်သီးတွင် ကာဗိုဟိုက်ဒရိတ်နှင့် ရိုးရိုးသကြားဓာတ်ပါဝင်မှုမြင့်မားသောကြောင့် အားကစားသမားများ သက်လုံကောင်းစေရန်ကူညီပေးသည်။ ပင်မှည့်သီးဖျော်ရည်ကို ပုံမှန်သောက်သုံးပေးလျှင် ကိုယ်အလေးချိန်ကိုထိန်းပေးနိုင်ပြီး အရွယ်တင်နုပျိုလှပစေသည်။

**နှစ်ခြိုက်စွာအိပ်ပျော်စေနိုင်**

ပင်မှည့်သီးတွင်ပါဝင်သည့် သံဓာတ်သည် စွမ်းအင်အဆင့်ကိုတိုးစေပြီး ကောင်းမွန်စွာအိပ်မောကျစေကာ ကိုယ်ခံစွမ်းအားစနစ်ကို တိုးတက်စေသည့်အပြင် သွေးထဲသို့ အောက်ဆီဂျင်ရောက်ရှိမှုကောင်းမွန်စေသည်။ ထို့ပြင် ပင်မှည့်သီးအစေ့တွင် အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် အိပ်ရာမဝင်မီ ပင်မှည့်သီးဖျော်ရည်သောက်ပေးပါက နှစ်ခြိုက်စွာအိပ်မောကျစေနိုင်သည်။

**ကိုယ်တွင်းအဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်**

ပင်မှည့်သီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သောကြောင့် ကိုယ်တွင်းအဆိပ်အတောက်များကို ဖယ်ရှားပေးသည့်အပြင် ကင်ဆာရောဂါမဖြစ်စေရန်လည်း ကာကွယ်ပေးသည်။

**အစာခြေစနစ်ကိုကောင်းမွန်စေနိုင်**

အမျှင်ဓာတ်နှင့် ရေဓာတ်ကြွယ်ဝသောကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းကျန်းမာရေးကို ကောင်းမွန်စေပြီး "ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ" ဆိုသကဲ့သို့ ဝမ်းမှန်ကာ အစာကြေစေသည့်အပြင် သွေးတွင်းမကောင်းသည့် ကိုလက်စထရောနှင့် သွေးတွင်းအဆီပိုများကို လျော့ကျစေသည်။ ပင်မှည့်သီးတွင်ပါဝင်သည့် အမျှင်ဓာတ်က ဝမ်းမချုပ်အောင်ကာကွယ်ပေးပြီး အစာခြေစနစ်ကိုလည်း ပံ့ပိုးကူညီပေးသည့်အတွက် အစာအိမ်သမားများ အထူးအားထားရသည့် အသီးတစ်မျိုးဖြစ်သည်။

**အမြင်အာရုံကိုကောင်းမွန်စေနိုင်**

ပင်မှည့်သီးတွင် ဗီတာမင်-A ဟုခေါ်သည့် Flavonoids ကြွယ်ဝစွာပါဝင်သောကြောင့် ကူးစက်ပိုးများကိုတွန်းလှန်နိုင်သကဲ့သို့ မျက်လုံးအပေါ်သက်ရောက်သည့် ဓာတုပစ္စည်းမှန်သမျှကို ဖယ်ရှားပေးသဖြင့် မျက်လုံးကျန်းမာရေးအတွက် အသုံးဝင်သည့်အသီးဖြစ်သည်။

**သွေးအားနည်းခြင်းကို ကာကွယ်ပေးနိုင်**

ပင်မှည့်သီးတွင်ပါဝင်သော အပင်မှရသည့်သံဓာတ် (Non-heme Iron) ကြောင့် သံဓာတ်ချို့တဲ့သည့် သွေးအားနည်းရောဂါများကိုလည်း ကာကွယ်ပြီးသားဖြစ်စေသည်။

**သတိပြုရန်**

ပင်မှည့်သီးသည် ကျန်းမာရေးနှင့် ညီညွတ်သည်ဆိုသော်လည်း အလွန်အကျွံစားသုံးမိပါက အစာအိမ်မအီမသာဖြစ်စေနိုင်သောကြောင့် အလွန်အကျွံမစားမိရန် သတိထားရမည်။ Latex Allergy ရှိသူများ ပင်မှည့်သီးစားသုံးပါက ဓာတ်မတည့်ခြင်းမျိုးခံစားရနိုင်သောကြောင့် ပင်မှည့်သီးနှင့် ဓာတ်မတည့်မှုရှိပါက စားသုံးရန်မသင့်တော်ပါ။ အထူးသဖြင့် ရောဂါအခံရှိသူများ၊ ကျန်းမာရေးပြဿနာတစ်ရပ်ရပ်ကြောင့် ဆေးသောက်နေရသူများအနေဖြင့် ပင်မှည့်သီးကို ဆရာဝန်၏ညွှန်ကြားချက်ဖြင့်သာ စားသုံးသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် ပင်မှည့်သီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ လုံလောက်စွာပါဝင်သည့်အတွက် ဆဲလ်များ ဓာတ်တိုးပျက်စီးခြင်းမှ ကာကွယ်ပေးသဖြင့် အိုမင်းရင့်ရော်ခြင်းကိုနှေးကွေးစေပြီး ဗီတာမင်-C ကြွယ်ဝသောကြောင့် ကိုယ်ခံအားကောင်းစေကာ ပြင်ပရောဂါများဝင်ရောက်လာခြင်းမှ ကာကွယ်ပေးမည်ဖြစ်သည်။ ပင်မှည့်သီးသည် ခန္ဓာကိုယ်ခုခံအားကောင်းစေခြင်း၊ လူကိုလန်းဆန်းစေခြင်း၊ အမြင်အာရုံကောင်းမွန်စေခြင်း၊ အဆိပ်အတောက်ကို ဖယ်ရှားပေးခြင်း၊ အစာခြေစနစ်ကောင်းမွန်စေခြင်း၊ ကိုယ်အလေးချိန်ထိန်းညှိပေးခြင်း၊ နှလုံးရောဂါကိုကာကွယ်ပေးခြင်း၊ အူလမ်းကြောင်းကျန်းမာရေးအတွက် ကောင်းမွန်ခြင်း၊ စိတ်ဖိစီးမှုများမှ ပြေပျောက်စေခြင်း၊ ပန်းနာရင်ကျပ်ရောဂါကို သက်သာစေခြင်း၊ ကင်ဆာရောဂါများမှ ကာကွယ်ပေးခြင်း၊ သံဓာတ်ကြွယ်ဝခြင်း၊ အိပ်ပျော်စေခြင်း စသည့် ကောင်းကျိုးများစွာရရှိစေသောကြောင့် လူတိုင်းစားသုံးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

---

▲ စာမျက်နှာ ၂၇ မှအဆက်

သင်တန်းကာလတစ်လျှောက်လုံး မိုးလင်းမိုးချုပ် လူမဆန်စွာခိုင်းစေတယ်။ ကန်တယ် ကျောက်တယ်။ ပြေးသွားပြီဆိုရင်လည်း ပြန်ဖမ်းတယ်။ ပြန်ဖမ်းမိရင် သင်တန်းသားအစုံအစိပ်ပေါ့။ ၅၀ ရိုက်ရင် ၅၀၊ ၁၀၀ ရိုက်ရင် ၁၀၀ တစ်ယောက်ငါးချက်စီရိုက်ခိုင်းပါတယ်။ ပြီးတော့ သံခြေချင်းနဲ့ ထောင်သဘောမျိုးဆောက်ထားတဲ့ အဆောက်အအုံမှာ ထားပါတယ်။ ဒီဖိနှိပ်မှုကတော့ တော်တော်လေးကြီးမားပါတယ်။ ဒါကို ကျွန်တော်တို့က COMPLAIN တက်ခွင့်မရှိပါဘူး။ ပြန်လည်ပြောဆိုခွင့်မရှိပါဘူး။ တပ်မတော်ဘက်က ကျွန်တော်တို့ အပေါ်ဆက်ဆံတာကတော့ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာတဲ့အတွက် လိုက်လိုက်လဲ့လဲ့ဝမ်းပန်းတသာနဲ့ ကြိုဆိုကြပါတယ်။ ကြိုဆိုပေးတဲ့တပ်မတော်အကြီးအကဲတွေရော၊ ပြည်သူတွေရော အားလုံးကိုလည်း ကျွန်တော်ကျေးဇူးတင်ပါတယ်။ တော်လှန်ရေးခေါင်းစဉ်တပ်ထားပြီးတော့ အဲဒီအရိပ်အောက်မှာ လက်ရှိတိုက်နေကြတဲ့ ညီအစ်ကိုတွေရော၊ တိုင်းရင်းသားအားလုံးရော လက်နက်နဲ့ ငြိမ်းချမ်းရေးကို လာရောက်လဲလှယ်ပေးပါ။ လက်နက်မဲ့အလင်းဝင်ခြင်းလည်း လာရောက်ပြုလုပ်ပါ။ ဒီဘက်မှာက အားလုံးလုံခြုံပါတယ်။ ဘေးကင်းပါတယ်။ မိသားစုကိုဒုက္ခပေးခြင်းမျိုးဘာတစ်ခုမှ မရှိပါဘူး။ ရောက်လာတဲ့ လူတွေအပေါ်မှာလည်း လိုက်လိုက်လဲ့လဲ့ကြိုဆိုကြောင်းကို ကျွန်တော်တို့ကလည်း အာမခံပါတယ်။ ကျွန်တော်တို့လည်း လက်ရှိမှာ အလင်းဝင်လာတဲ့လူတွေပါပဲ" ဟု ပြောသည်။

(၁၀၀)

### နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် ၈ ဦးနှင့် AA အဖွဲ့ဝင် ၁၀ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်ထံ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများကို လွှဲပြောင်းအပ်နှံစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ဆုကြေးငွေများပေးအပ်စဉ်။







နေပြည်တော် မတ် ၂၆

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့ဝင် အမျိုးသား ၈ ဦး၊ AA အဖွဲ့ဝင် အမျိုးသား ၁၀ ဦး၊ စုစုပေါင်း ၁၈ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ကျင်းပပြုလုပ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့်ရောဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့မှ ၁ ဦး၊ အင်္ဂပူမြို့နယ်မှ ၁ ဦး၊ ရေကြည်မြို့နယ်မှ ၁ ဦး၊ ရွှေသောင်ယံမြို့နယ်မှ ၁ ဦး၊ ဟိုင်းကြီးကျွန်းမြို့နယ်မှ ၁ ဦး၊ လေးမျက်နှာမြို့နယ်မှ ၁ ဦး၊ ကြံခင်းမြို့နယ်မှ ၁ ဦး၊ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်မှ ၁ ဦး၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်မှ ၂ ဦး၊ မြေပုံမြို့နယ်မှ ၁ ဦး၊ မြောက်ဦးမြို့နယ်မှ ၂ ဦး၊ ရမ်းဗြဲမြို့နယ်မှ ၁ ဦး၊ ဂွမြို့နယ်မှ ၂ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်မှ ၁ ဦးနှင့် မောင်တောမြို့နယ်မှ ၁ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေးအမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA–1 အမျိုးအစားမောင်းပြန်ရိုင်ဖယ်(၅) လက်၊ MA–3 အမျိုးအစား မောင်းပြန်ရိုင်ဖယ်(၁) လက်၊ MA–11 အမျိုးအစား မောင်းပြန်ရိုင်ဖယ်(၁) လက်၊ SIG SAUER အမျိုးအစားပစ္စတို (၁)လက်၊ ၃၅ တောင့်ဝင်ကျည်အိမ် (၉) ခု၊ SIG SAUER အမျိုးအစား ပစ္စတိုကျည်အိမ် ၁ ခု၊ BA–91 လက်ပစ်ဗုံး (၁) လုံး၊ ၅ ဒသမ ၅၆ မမ ကျည် (၂၈၃) တောင့်၊ ၇ ဒသမ ၆၂ မမကျည် (၂၃) တောင့်နှင့် USA 380 AUTO (၂၀) တောင့်တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် သေနတ် ၁ လက်လျှင်ဆုကြေးငွေ ကျပ်သိန်း(၅၀)နှုန်းဖြင့် သေနတ် ၇ လက်အတွက် ကျပ်သိန်း (၃၅၀) ကျပ်၊ ပစ္စတို ၁ လက်အတွက် သိန်း (၂၀) ကျပ်၊ လက်ပစ်ဗုံး (၁)လုံးအတွက် ဆုကြေးငွေ (၃) သိန်းကျပ်နှင့် အလင်းဝင်ရောက်လာသူ (၁) ဦးလျှင် (၃)သိန်းကျပ်နှုန်းဖြင့် (၁၈)ဦးအတွက် (၅၄)သိန်းကျပ်၊ စုစုပေါင်းချီးမြှင့်ငွေကျပ်သိန်း (၄၂၇)သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အပါအဝင်အဖွဲ့အစည်း အမျိုးမျိုးအမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အဦများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

"အကြမ်းဖက်အဖွဲ့အစည်းထဲကို ကျွန်တော်ရောက်သွားရတဲ့အကြောင်းရင်းက ကျွန်တော်တို့ ရန်ကုန်မှာအလုပ်လုပ်နေရင်းနဲ့ Tiktok ကနေပြီး ချိတ်ဆက်မိသွားတယ်။ သံတွဲကို ကျွန်တော်တို့ကို ပို့တယ်။ ရောက်သွားတဲ့အချိန်ကစပြီးတော့ ကျွန်တော်တို့တွေ ပင်ပန်းဆင်းရဲဒုက္ခတွေ မျိုးစုံခံခဲ့ရတယ်။ သူတို့တွေရဲ့ စနစ်ကလည်း ကျွန်တော်တို့လုံးဝမကြိုက်ဘူး။ မူးရူးလာတဲ့အချိန်ဆိုရင် ရဲဘော်ကိုရဲဘော်မှန်းလည်း မသိ။ ဆဲဆိုတယ်။ ရိုင်းပျတယ်။ ရိုက်နှက်မှုတွေက အများကြီး ပိုဆိုးတယ်။ AA တွေ ကျွန်တော်တို့ကို လာမခေါ်ခင်တုန်းကတော့ ကျွန်တော်ပြောတယ်။ ကျွန်တော်ပြန်လို့ရရင်ပြန်မယ်။ ကျွန်တော်မနေချင်ဘူးလို့။ တောထဲလည်း မဝင်ချင်ဘူးလို့ပြောတဲ့အချိန်မှာ မင်းတို့ပြန်လို့မရဘူးတဲ့။ ဒီဘက်ကိုလာပြီးတော့ ပြန်လို့ရှိရင် အရှင်ထွက်တော့မရဘူး။ အသေထွက်ပဲရမယ်လို့ပြောတယ်။ သင်တန်းနည်းပြတွေက ကျွန်တော်တို့ကို ဆက်ဆံတဲ့ပုံစံတွေကတော့ ရင့်သီးတယ်။ ရိုင်းပျတယ်။ အသိစိတ်ဓာတ်အရမ်းနည်းတော့ သင်တန်းသားတစ်ယောက်နဲ့ သင်နည်းပြတစ်ယောက်က သူတို့သင်ကြားမှုပဲမှန်တယ်။ သူတို့ပြောတာပဲမှန်တယ်။ သူတို့ခိုင်းတာပဲလုပ်ဆိုတဲ့ပုံစံမျိုးနဲ့ ဆက်ဆံပြီးတော့ ကျွန်တော်တို့ကို သင်တန်းပေးတယ်။ ကျွန်တော်သင်တန်းတက်ပြီးသွားလို့ ရှေ့တန်းရောက်လာတဲ့အချိန်မှာတော့ ကာကင်းမှာပဲနေရတယ်။ ကာကင်းမှာ AA တွေနဲ့ နေရတယ်။ AA တွေက သူတို့ခိုင်းတာလုပ်၊ တစ်ခါတလေကျ သူတို့ဘက်က မှားတာရှိလို့ ပြန်ပြောရင်ဖြတ်ကန်တာတို့၊ သတိဆွဲပြီး ပါးရိုက်တာတို့ လုပ်တယ်။ တချို့ AA တွေဆိုလည်း သူများတကာအိမ်တွေပေါ်တက် အဝတ်အစားတွေမွှေနှောက်၊ ကျွန်တော်တို့တွေက မကြိုက်လို့ပြောတော့ ကျွန်တော်တို့ကို သတိဆွဲပြီး ပါးရိုက်တယ်။ အလင်းဝင်ဖို့ကျွန်တော်တွေးတယ်။ တစ်လနှစ်လလောက်ထိကို ကျွန်တော်တွေးနေတယ်။ ကြိုးစားလို့မရဘူး။ ကျွန်တော်တို့ကို စောင့်ကြည့်တဲ့ဟာတွေရှိတယ်လေ။ အခုလိုမျိုး ကျွန်တော်တို့လို အလင်းဝင်လာတဲ့သူတွေကို အခမ်းအနားကြီးနဲ့ နွေးနွေးထွေးထွေး ကြိုဆိုပေးကြတဲ့အတွက် တပ်မတော်ကလူကြီးမင်းများ၊ အရာရှိများနဲ့ ရဲဘော်အပေါင်းတို့ကို အားလုံးကျေးဇူးတင်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်"ဟုပြောသည်။

"ဒီကိုရောက်လာပြီးတော့ အကုန်လုံးအဆင်ပြေတယ်၊ ကျွန်တော်တို့စားရသောက်ရတာက ကျွန်တော်တို့အလင်းဝင်တဲ့သူတွေကို အခမ်းအနားနဲ့ကြိုဆိုတယ်။ ထောက်ပံ့ကြေးတွေလည်းပေးတဲ့အတွက် နိုင်ငံတော်နဲ့ တပ်မတော်ကို အထူးကျေးဇူးတင်ပါတယ်။ အခုတောထဲမှာကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေကို ကျွန်တော့်လို အလင်းဝင်ဖို့ အကုန်လုံးကိုဖိတ်ခေါ်တယ်။ အလင်းဝင်လာဖို့အတွက်ကိုလည်း ကျွန်တော် မျှော်လင့်မိပါတယ်"ဟုပြောသည်။

" ကျွန်တော်က အရင်တုန်းက သာမန်ပြည်သူပါ။ ကျွန်တော်နိုင်ငံရေးတွေ၊ ဘာတွေလည်း စိတ်မဝင်စားဘူး။ မိသားစုတွေနဲ့ အေးအေးချမ်းချမ်းနေတယ်။ စုဆောင်းရေးရောက်တော့ တစ်လလောက်ထိတော့နားရတယ်။ စုဆောင်းရေးကန့်သွင်းထားတဲ့အချိန်မှာ ကတုတ်ကျင်းတူးတာတို့ ဘန်ကာဆောက်တာတို့ အဆောက်အအုံဆောက်တာတို့ သင်တန်းကွင်းအတွက် မြေနေရာရှင်းတာတို့ အဲ့ဒါမျိုးတွေ ကျွန်တော်တို့ လုပ်ရပါတယ်။ သစ်ပင်ခုတ်၊ ဝါးခုတ်တာ၊ အဲဒါမျိုးတွေ အစုံလုပ်ရပါတယ်။ စားတာကတော့ မနက်ပိုင်းကို ဆန်ပြုတ်တိုက်ပါတယ်။ နေ့လယ်ပိုင်းကို ငါးနီတူ တစ်ယောက်ကို ၁၀ ဖတ်၊ ၁၅ ဖတ်လောက်ပဲရတယ်။ လှော်ကျွေးပါတယ်။ တစ်ခါတလေ မြေပဲထောင်းပြီး ငရုတ်သီးနဲ့ကြော်တဲ့ဟာလည်းကျွေးတယ်။ ကွင်းထဲမှာရှိတဲ့ ကင်ပွန်းချဉ်အရိုင်းတွေခူးပြီး ချဉ်ဟင်းချက်စားရတာ ရှိပါတယ်။ ဆန်ကတော့ မိုးမိတာလို အခဲဆန်မျိုးတွေလည်း ရှိပါတယ်။

စာမျက်နှာ ၂၆ သို့ ▲


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်။
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု
မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျှက်ရှိပါသည်။

# မန်ယူအသင်းက လာမည့် ၂၀၃၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲအမီ အိမ်ကွင်းသစ် တည်ဆောက်နိုင်ရန်စီစဉ်



**မန်ချက်စတာ မတ် ၂၆**

မန်ယူအသင်းက လာမည့် ၂၀၃၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲအမီ အိမ်ကွင်းသစ်တည်ဆောက်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။

မန်ယူအသင်းသည် လက်ရှိအိမ်ကွင်းဖြစ်သည့် အိုးထရက်ဖို့ဒ်အားကစားကွင်းကြီးကို အဆင့်မြှင့်တင်မှုလုပ်ဆောင်ရန် သို့မဟုတ် နောက်ထပ်အဆင့်မြင့်အားကစားကွင်းသစ်တစ်ကွင်းတည်ဆောက်ရန် ပရိသတ်များထံ ဆန္ဒကောက်ခံခဲ့ရာ ပရိသတ်အများစုက ကွင်းသစ်တည်ဆောက်ရန် မဲပေးခဲ့ကြသည့်အတွက် မန်ယူအသင်းက နောက်ထပ်အဆင့်မြင့် အားကစားကွင်းသစ်တည်ဆောက်ရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်းအိမ်ကွင်း အိုးထရက်ဖို့ဒ် အားကစားကွင်းသည် ပရိသတ်ဦးရေ ၇၄၀၀၀ ဆံ့ အားကစားကွင်းဖြစ်ပြီး မန်ယူအသင်းက ပရိသတ်ဦးရေတစ်သိန်းဆံ့အားကစားကွင်းကို စတာလင်ပေါင် နှစ်ဘီလီယံခန့် အကုန်ကျခံပြီး တည်ဆောက်ရန် စီစဉ်နေခြင်းဖြစ်သည်။

လက်ရှိတွင် မန်ယူအသင်းက အဆင့်မြင့်အားကစားကွင်းတည်ဆောက်မည့် စီမံကိန်းကို စတင်လုပ်ဆောင်ခြင်းမရှိသေးသော်လည်း အားကစားကွင်းတည်ဆောက်မည့် မြေနေရာနှင့် စီမံကိန်းရန်ပုံငွေရှာဖွေမှုတို့ကို စတင်လုပ်ဆောင်နေပြီး လာမည့် ၂၀၃၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ မတိုင်မီ အပြီးသတ်နိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် လာမည့် ၂၀၃၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို အိမ်ကွင်း၌ လက်ခံကျင်းပလိုသည့်အတွက် အားကစားကွင်းသစ်တည်ဆောက်ရေးစီမံကိန်းကို ၂၀၃၅ ခုနှစ် မတိုင်မီ အပြီးသတ်လုပ်ဆောင်နိုင်ရန် မျှော်လင့်နေခြင်းဖြစ်သည်။

မန်ယူအသင်း၏ အားကစားကွင်းစီမံကိန်းတွင် အိမ်ခြေ ၁၅၀၀၀ ခန့်အထိပါဝင်မည့် နေအိမ်စီမံကိန်းများအပြင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများလည်း ပါရှိမည်ဖြစ်သည့်အတွက် ပြင်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ထားပြီး စီမံကိန်းအတွက် မြေနေရာရရှိပါက စတင်လုပ်ဆောင်ရန် စီစဉ်ထားပြီး တည်ဆောက်မှုများပြီးစီးပါက အင်္ဂလန်နိုင်ငံတွင် အကြီးမားဆုံးအားကစားကွင်းဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

*Ref;The Athletic*

# ရီးယဲလ်မက်ဒရစ်အသင်းက ရော်နယ်ဒိုဂျူနီယာအား လူငယ်အသင်းအတွက်ခေါ်ယူ

**မက်ဒရစ် မတ် ၂၆**

ရီးယဲလ်မက်ဒရစ်အသင်းက အသင်းမှကစားသမားဟောင်းတစ်ဦးဖြစ်သည့် စီရော်နယ်ဒို၏ သားဖြစ်သူ ရော်နယ်ဒိုဂျူနီယာအား လူငယ်အသင်းအတွက် ခေါ်ယူစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒို၏သား ရော်နယ်ဒိုဂျူနီယာသည် စီရော်နယ်ဒိုပြောင်းရွှေ့ကစားခဲ့သည့် ဂျူဗင်တပ်စ်အသင်း၊ မန်ယူအသင်းနှင့် လက်ရှိ အယ်နာဆာလူငယ်အသင်းတို့တွင် အဆင့်ဆင့်ပြောင်းရွှေ့ကစားခဲ့ပြီး ယခုအခါ ရီးယဲလ်မက်ဒရစ်အသင်းက အသင်းဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် စီရော်နယ်ဒို၏ သားဖြစ်သူကို အသင်းအနာဂတ်စီမံကိန်းအတွက် လူငယ်အသင်းထံခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရော်နယ်ဒိုဂျူနီယာသည် ပေါ်တူဂီလူငယ်အသင်းတွင်လည်း ပါဝင်ကစားခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ဆုဖလားများဆွတ်ခူးနိုင်သည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းက အနာဂတ်တွင် အသုံးပြုနိုင်ရန် လူငယ်အသင်းအတွက် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရော်နယ်ဒိုဂျူနီယာသည် လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းထံ ပူးပေါင်းပြီးနောက် ရီးယဲလ်မက်ဒရစ် ယူ-၁၆ အသင်းနှင့်အတူ ပြိုင်ပွဲများစတင်ကစားမည်ဖြစ်ကြောင်း သိရသည်။

*Ref;Top Skills Sports UK*

# ဘာစီလိုနာအသင်းက ဖာရန်တောရက်စ်ကိုရောင်းချပြီး ရက်ရှ်ဖို့ဒ်အား အပြီးသတ်ခေါ်ယူရန် စီစဉ်လျက်ရှိ

**ဘာစီလိုနာ မတ် ၂၆**

ဘာစီလိုနာအသင်းက ဖာရန်တောရက်စ်ကို ရောင်းချပြီး မန်ယူအသင်းမှ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် တိုက်စစ်ကစားသမားရက်ရှ်ဖို့ဒ်အား ယခုဘောလုံးရာသီအကုန်တွင် အပြီးသတ်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ရက်ရှ်ဖို့ဒ်အား မန်ယူအသင်းမှ တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားပြီး အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ သန်းဖြင့် ခေါ်ယူနိုင်မည့်အချက်ကို ထည့်သွင်းချုပ်ဆိုထားသည့်အတွက် ရာသီအကုန်တွင် အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ရက်ရှ်ဖို့ဒ်အား အပြီးသတ်ခေါ်ယူလိုသည့်အပြင် နောက်ထပ် ဝါရင့်တိုက်စစ်ကစားသမား လီဝန်ဒေါစကီးကိုလည်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုသည့်အတွက် အသုံးစရိတ်ပိုမိုမမြင့်တက်လာစေရန် ဖာရန်တောရက်စ်ကို ပြန်လည်ရောင်းချလိုခြင်းဖြစ်သည်။

ဖာရန်တောရက်စ်သည် ၂၀၂၂ ခုနှစ်က မန်စီးတီးအသင်းမှ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ဘာစီလိုနာအသင်းနှင့်အတူ ခြေစွမ်းပြလျက်ရှိသော်လည်း နည်းပြဟန်ဆီဖလစ်က ရက်ရှ်ဖို့ဒ်အား အပြီးသတ်ခေါ်ယူပြီး ဖာရန်တောရက်စ်ကို ပြန်လည်ရောင်းချရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဖာရန်တောရက်စ်ကို ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*



# ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ဘီလ်ဘာအိုအသင်းတို့က နည်းပြသစ်အဖြစ် ဘုန်းမောက်အသင်းနည်းပြရိုင်အိုလာအား ခန့်အပ်ရန် အပြိုင်ကြိုးပမ်းနေ

**လန်ဒန် မတ် ၂၆**

ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ဘီလ်ဘာအိုအသင်းတို့က ယခုဘောလုံးရာသီအကုန်တွင် နည်းပြသစ်အဖြစ် ဘုန်းမောက်အသင်းနည်းပြ ရိုင်အိုလာအား ခန့်အပ်ရန် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။

အသက် ၄၃ နှစ်အရွယ် နည်းပြ ရိုင်အိုလာသည် ၂၀၂၃ ခုနှစ်က ဘုန်းမောက်အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဘုန်းမောက်အသင်းက နည်းပြ ရိုင်အိုလာကို သက်တမ်းတိုးစာချုပ်အတွက် အစောပိုင်းကတည်းက ကမ်းလှမ်းမှုများ လုပ်ဆောင်ထားသော်လည်း ရိုင်အိုလာက လက်ခံဆွေးနွေးခြင်းမရှိဘဲ အနာဂတ်အတွက် လာမည့်ရက်သတ္တပတ်အတွင်း ဆုံးဖြတ်သွားမည်ဟု ပြောကြားခဲ့သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုဘောလုံးရာသီအကုန်တွင် နည်းပြ ဂလက်နာနှင့် လမ်းခွဲမည်ဖြစ်သည့်အတွက် ၎င်း၏နေရာ၌ ရိုင်အိုလာနှင့်အစားထိုးလိုသောကြောင့် ရိုင်အိုလာ၏အေးဂျင့်ဖြစ်သူထံ အသင်းအနာဂတ်စီမံကိန်းများကို ပြောကြားပြီး ကမ်းလှမ်းမှုများလုပ်ဆောင်ထားခြင်းဖြစ်သည်။

အလားတူ ဘီလ်ဘာအိုအသင်းသည်လည်း ယခုဘောလုံးရာသီအကုန်တွင် နည်းပြ ဗယ်ဗာဒီနှင့် လမ်းခွဲမည်ဖြစ်သည့်အတွက် အသင်းကစားသမားဟောင်းဖြစ်သည့် ရိုင်အိုလာအား နည်းပြခန့်အပ်လိုခြင်းဖြစ်ပြီး ရိုင်အိုလာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက ဘီလ်ဘာအိုအသင်းတွင် ၂၀၀၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကစားခဲ့ဖူးသူဖြစ်ကာ အသင်းနှင့်ပြိုင်ပွဲစုံ ၄၇၅ ပွဲအထိပါဝင်ကစားပေးထားသူဖြစ်သည်။

လက်ရှိတွင် ရိုင်အိုလာက ဘုန်းမောက်အသင်းနှင့် စာချုပ်သက်တမ်းတိုးရေးထက် ခရစ္စတယ်ပဲလေ့စ်အသင်း သို့မဟုတ် ဘီလ်ဘာအိုအသင်းတို့မှအသင်းတစ်သင်းထံ ပြောင်းရွှေ့ဖွယ်ရှိကြောင်း သိရသည်။

*Ref;Goal.com*

## CEIR Importer Portal **အသုံးပြုခွင့် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ အသိပေးကြေညာချက်**

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များနှင့် မိုဘိုင်းကွန်ရက်သုံး ဆက်သွယ်ရေးပစ္စည်းများကို ပြည်ပမှတင်သွင်းလိုသည့်ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျသင့်အခွန်များကိုပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

**အဆင့်(၁) နည်းပညာဆိုင်ရာစံချိန်စံညွှန်းထောက်ခံချက်လျှောက်ထားခြင်း**

၂။ ဆက်သွယ်ရေးဥပဒေ၊ အခန်း(၈)၊ နည်းပညာဆိုင်ရာစံချိန်စံညွှန်းများ ပုဒ်မ ၂၇ အရ ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးစက်ပစ္စည်းတစ်မျိုးမျိုးကိုထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်းပြုလုပ်လိုသူသည် မိမိထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်းပြုမည့် ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးစက်ပစ္စည်းအမျိုးအစားများ၏ နည်းပညာဆိုင်ရာစံချိန်စံညွှန်းထောက်ခံချက်ရရှိရန် သတ်မှတ်ထားသည့်အတိုင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

**အဆင့်(၂) သွင်းကုန်လိုင်စင်လျှောက်ထားခြင်း**

၃။ မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များနှင့် မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများအတွက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ တင်သွင်းခွင့်ထောက်ခံချက်ရရှိပြီးပါက အဆိုပါထောက်ခံချက်ဖြင့် ကုန်သွယ်ရေးဦးစီးဌာန၏ TradeNet 2.0 စနစ်တွင် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**အဆင့်(၃) CEIR စနစ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

၄။ သွင်းကုန်လိုင်စင်ဖြင့် ပြည်ပမှတင်သွင်းလာသော မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များ တင်သွင်းသူများအနေဖြင့် CEIR ID လျှောက်ထားနိုင်ရန်အတွက် ဦးစွာ CEIR Importer Portal အသုံးပြုခွင့်(System User Registration)ကို အောက်ဖော်ပြပါအထောက်အထားများ တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်-

(က) ကုမ္ပဏီ၏ Letter Head ပါလျှောက်လွှာ
(ခ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မိတ္တူ)
(ဂ) အခွန်ထမ်းမှတ်ပုံတင်လက်မှတ်(မိတ္တူ)
(ဃ) ကုန်သွယ်ရေးဦးစီးဌာန၏ သွင်းကုန်လိုင်စင်(မိတ္တူ)
(င) လျှောက်ထားသူ၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(စ) ဒါရိုက်တာ(၁)ဦး လက်မှတ်ရေးထိုးထားသည့် ကိုယ်စားလှယ်လွှဲစာ(ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်ပါက)

၅။ လျှောက်ထားရမည့်ရုံးနေရာ

CEIR Technical Support Center ၊ ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်၊
ဖုန်းနံပါတ် ၀၆၇-၃၄၃၀၀၃၂။
email – importerportaladmin.ceir@ird.gov.mm

**CEIR နှင့် EIR စနစ် စီမံကိန်းစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

## မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များကို တင်သွင်းခြင်း၊ ပြည်ပမှ ဝယ်ယူ/သယ်ဆောင်လာခြင်းနှင့် ပြည်တွင်း၌ဝယ်ယူခြင်း တို့နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးကြေညာခြင်း

၁။ **၂၀၂၆ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍** ပြည်ပမှတင်သွင်းသည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များ၊ နည်းလမ်းအမျိုးမျိုးဖြင့် ပြည်ပမှ ဝယ်ယူ/သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များ၊ ပြည်တွင်းတွင် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များဝယ်ယူခြင်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်-

(က) **ပြည်ပမှတင်သွင်းသည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များ။** မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များကို ပြည်ပမှတင်သွင်းမည့်သူများအနေဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင်တင်သွင်းမည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များအတွက် နည်းပညာဆိုင်ရာစံချိန်စံညွှန်းထောက်ခံချက်ကို လျှောက်ထားရယူပြီး အဆိုပါထောက်ခံချက်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် သွင်းကုန်လိုင်စင်လျှောက်ထားရယူ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင်တင်သွင်းကြရမည်ဖြစ်ပါသည်၊

(ခ) **နည်းလမ်းအမျိုးမျိုးဖြင့် ပြည်ပမှ ဝယ်ယူ/သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များ။** နည်းလမ်းအမျိုးမျိုးဖြင့် ပြည်ပမှ ဝယ်ယူ/သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များကို မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များနှင့် စတင်ချိတ်ဆက်အသုံးပြုချိန်မှ ရက်ပေါင်း(၃၀)အတွင်း ယာယီအသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး ယင်းကာလအတွင်း ကျသင့်အခွန်နှင့်ဒဏ်ကြေးများပေးဆောင်ပြီးမှသာ ဆက်လက်အသုံးပြုခွင့်ရရှိမည်ဖြစ်ပါသည်၊

(ဂ) **ပြည်တွင်းတွင် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များဝယ်ယူခြင်း။** ပြည်တွင်းတွင် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များဝယ်ယူသည့်အခါ ရောင်းချသူများထံမှ ပြေစာတောင်းခံခြင်းနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်း ရှိ/မရှိကိုစစ်ဆေးခြင်း၊ CEIR Public Portal မှတစ်ဆင့် အခွန်ပေးဆောင်ထားခြင်းရှိ/မရှိ စစ်ဆေးခြင်းတို့ကိုလုပ်ဆောင်ပြီးမှသာ ဝယ်ယူကြရန်လိုအပ်မည်ဖြစ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://ceir.gov.mm ၌ ကြည့်ရှု၍ဖြစ်စေ၊ CEIR Call Center နံပါတ်များဖြစ်သည့် ၁၅၇၇ နှင့် ၁၇၅၅ သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်း၍ဖြစ်စေ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီ**


**ပျောက်ဆုံးကြောင်း**
နော်အိနှင်းဝေ(ဘ)ဦးသံဒုတ် ၁၄/ဓနဖ(နိုင်)၁၇၀၀၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၂၀၂၇၃၈

**ပျောက်ဆုံးကြောင်း**
အောင်မျိုးဇော်ဦး(ဘ)ဦးဇော်မိုးနိုင် ၈/ဂဂန(နိုင်)၁၃၀၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 462886)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၁၅၁၄၂၇

**ပျောက်ဆုံးကြောင်း**
အောင်မျိုးဆွေ(ဘ)ဦးအောင်ကျော် ၁၀/ရမန(နိုင်)၀၀၂၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၁၇၃၄၉၆

**ပျောက်ဆုံးကြောင်း**
ယွန်းပွင့်ဖြူ(ဘ)ဦးထွန်းမြင့် ၁၂/သဃက(နိုင်)၁၉၅၃၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကျော်ထိန်လင်း(ဘ)ဦးညဏ်တင် ၅/ဝလန(နိုင်)၀၉၇၇၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နွေးနွေးသန့်ဇင်(ဘ)ဦးသန့်ဇင် ၁၂/လသယ(နိုင်)၀၇၈၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 495539)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၁၈၈၅၅၇

**ပျောက်ဆုံးကြောင်း**
နန်းခမ်းလှ(ဘ)ဦးဆာဦး ၁၃/သပန(နိုင်)၁၃၁၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၀၃၆၉၃၇

**ပျောက်ဆုံးကြောင်း**
အောင်ဆန်းမြင့်(ဘ)ဦးကြည်လင် ၁၂/ပဘတ(နိုင်)၀၁၆၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၇၂၁၄၅

**ပျောက်ဆုံးကြောင်း**
သန်းထိုက်(ဘ)ဦးရွှေချစ် ၁၂/သကတ(နိုင်)၁၃၂၇၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ခင်မောင်အေး(ဘ)ဦးကျော်မြင့် ၁၂/မရက(နိုင်)၁၃၁၇၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 115541)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မင်းခန့်သော်(ဘ)MR CHEN KING.DER ၁၂/လမန(ပြု)၀၀၀၆၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 713346)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၄၉၅၄၃၃၉

**ပျောက်ဆုံးကြောင်း**
ဟိန်းထက်အာကာဝင်း(ဘ)ဦးဝင်းဦး ၇/ဒဥန(နိုင်)၁၇၀၄၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၇၄၀၁၉၀

**ပျောက်ဆုံးကြောင်း**
နော်ခူဒီးထူး(ဘ)ဦးစောဟဲခရီး ၇/ထတပ(နိုင်)၁၁၉၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မစုမွန်(ဘ)ဦးသိန်းဦး ၁၀/ပမန(နိုင်)၂၀၈၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သီသီဦး(ဘ)ဦးဟန်မြင့် ၇/ပခန(နိုင်)၃၈၀၅၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉၉)နေ ဆန်းမီသန့်ဇင်(ဘ) ဦးသန့်ဇင် ၉/မထလ(နိုင်)၃၄၈၇၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 278507) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၄၄၈၅၃၈၇

သုတ-ရသ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော
မြဝတီ ရသစုံမဂ္ဂဇင်း



- ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလမှစတင်ထုတ်ဝေခဲ့ပြီး (၇၄)နှစ်တိုင်တိုင် စဉ်ဆက်မပြတ်ထုတ်ဝေခဲ့သည့်မဂ္ဂဇင်း
- မြဝတီမဂ္ဂဇင်းသည် အလုပ်သမား၊ လယ်သမားနှင့် တပ်မတော်သားတို့၏အကျိုးကို ကိုယ်စားပြုရပ်တည်လျက်ရှိသောမဂ္ဂဇင်း
- သုတ၊ ရသအတွက် ဝါရင့်ကလောင်ရှင်ကြီးများ၏ဆောင်းပါးများအပြင် စာဆိုစစ်သည်ကလောင်ရှင်များနှင့် စာပေဝါသနာရှင်ကလောင်သစ်များကိုပါ မြေတောင်မြှောက်ပေးလျက်ရှိသည့်မဂ္ဂဇင်း
- မိမိနေအိမ်စာအုပ်စင်၌ ထာဝစဉ်ထားရှိသင့်သောမဂ္ဂဇင်း
- ရုပ်ရှင်၊ ဂီတ၊ သရုပ်ဆောင်မော်ဒယ်များ၏မျက်နှာဖုံးဓာတ်ပုံများနှင့်အတူ အရောင်အသွေးစုံလင်စွာဖြင့် စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိပါသည်။
- ကဗျာ၊ ကာတွန်း၊ ဆန်းစစ်လေ့လာမြန်မာစာ၊ ဗုဒ္ဓစာပန်းချီ၊ ရသစာတမ်း၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဝတ္ထုတို၊ ဝတ္ထုရှည်တို့ကို သုတ-ရသစုံလင်စွာဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းထွက်ရှိနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Email: mwdliteraturehouse@gmail.com
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၉၀၇၅၅၉၆၈(စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄(ဖြန့်ချိရေး)
၀၉ ၂၅၇၃၇၈၄၉၅(အွန်လိုင်းဖြန့်ချိရေး)
၁၅၀၀ ကျပ်
မြဝတီစာပေတိုက်က ထုတ်ဝေသည်။

စာပေ၊ ယဉ်ကျေးမှု၊ သုတ-ရသ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော
ငွေတာရီ မဂ္ဂဇင်း



- (၆၅)နှစ်တိုင်တိုင် စဉ်ဆက်မပြတ်ထုတ်ဝေခဲ့သည့်မဂ္ဂဇင်း
- ယဉ်ကျေးမှုနှင့်သမိုင်းဆိုင်ရာ၊ စာပေနှင့်အနုပညာကဏ္ဍများ ဖော်ဆောင်လျက်ရှိသည့်မဂ္ဂဇင်း
- သုတ၊ ရသအတွက် ဝါရင့်ကလောင်ရှင်ကြီးများ၏ဆောင်းပါးများအပြင် ကလောင်သစ်များကိုပါ မြေတောင်မြှောက်ပေးလျက်ရှိသည့်မဂ္ဂဇင်း
- မိမိနေအိမ်စာအုပ်စင်၌ ထာဝစဉ်ထားရှိသင့်သောမဂ္ဂဇင်း
- အစဉ်အလာမပျက် မြန်မာမှုပန်းချီမျက်နှာဖုံးအဖြစ် နာမည်ကျော်ပန်းချီဆရာကြီးများ၏လက်ရာများနှင့်အတူ အရောင်အသွေးစုံလင်စွာဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ရှိနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Email – ngwetaryeemagazine@gmail.com
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၉၂၁၃၆၈၈ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)
၀၉ ၂၅၇၃၇၈၄၉၅ (အွန်လိုင်းဖြန့်ချိရေး)
၁၅၀၀ ကျပ်
မြဝတီစာပေတိုက်က ထုတ်ဝေသည်။

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

ကျော်ထွန်းညိုက ပုစွန်ညှီများပေနေသော သူ့လက်ဖြင့်ညီလင်း၏ လက်ချောင်းများကိုဆုပ်ကိုင်လိုက်သည်။ သူ့ညီငယ်ကို သူ့လိုပင်လိုက်၍ တွေးစေ၊ မြင်စေချင်သောစိတ်ဆန္ဒနှင့် ညီလင်းညို၏မျက်လုံးများကို တည့်တည့်စိုက်၍ ကြည့်သည်။

'ဒီသံသယတွေ၊ ဒီမာနတွေကြားထဲမှာ သူပျော်နေတယ်ထင်သလား ညီရယ်'

'အိုဗျာ၊ ဒါကတော့ ကိုကိုထင်တာကိုး၊ သူမပျော်ရင် ရယ်နေမလားဗျ'

ညီလင်းက မျက်မှောင်ကုတ်နေသည်။ အစ်ကိုဖြစ်သူ၏စကားကို အတွင်းစိတ်မှလက်ခံလိုသော်လည်း ချက်ချင်းကြီးခေါင်းညိတ်ပြီး မထောက်ခံချင်လှပေ။ အတိုက်အခံကလေးပြန်ပြောပြီး စကားနိုင်လုချင်နေသည်။

'ဒီအိမ်က ကိုဘိုးသာတို့၊ နှမ်းဆီတစ်ပိဿာ ရှစ်ကျပ်တဲ့ ယူကြဦး မလား၊ အလိုတော် ဘာနံ့လဲ ညှော်လိုက်တာလွန်ရော'

တစ်ဖက်ခန်းမှအသံကိုကြားသောအခါမှ သူတို့နှစ်ဦးစလုံးသတိဝင်လာသည်။ စူးစူးဝါးဝါးညှော်သောအနံ့သည် သူတို့မီးဖိုချောင်မှ ထွက်နေခြင်းဖြစ်လေသည်။

မီးကင်ထားသော ပုစွန်သုံးကောင်သည် မည်းချိပ်ကောက်ကွေးလျက်ရှိချေပြီ။

■ ■ ■ ■ ■

'မမ'

မရဲတရဲခေါ်သံလေးကိုကြားရသည်။ ထွန်း၏အသံဖြစ်ကြောင်း စုလှိုင်သိလိုက်လေသည်။ စိတ်ထဲတွင် အနှောင့်အယှက်ဖြစ်သွား၍ လှည့်မကြည့်ဘဲနေလိုက်သည်။ ခပ်ဖွဖွလေးလှမ်းလာသောခြေသံလေးက သူ့စားပွဲဘေးသို့ ရောက်လာလေသည်။

'ကဲ ဘာလဲဆို'

စုလှိုင်က ခပ်ဆတ်ဆတ်လေးပြောကာ ငဲ့ကြည့်သည်။ ချစ်ခင်နှစ်သက်ဖွယ်ကောင်းလှသော မျက်လုံးဝိုင်းကြီးများသည် ရွှန်းလက်နေသည်။ ပူနွေးသောရောင်ခြည်များ ဖြာထွက်နေဟန်ရှိလေသည်။ ထွန်းသည် ယခုနောက်ပိုင်း၌ စုလှိုင်ကို အရောတဝင်ဆက်ဆံရန်အခြေအနေကို ထာဝစဉ်မျှော်လင့်နေတတ်လေသည်။ အမူအရာလေးကသာ မရဲတရဲလေးဖြစ်နေသော်လည်း သူ၏အစ်မကြီးသည် သူ့ကိုချစ်ခင်သည်ဟု ယုံကြည်စိတ်ချနေဟန်ရှိကြောင်းကို မျက်လုံးလေးများမှတစ်ဆင့် သိရသည်။

'ထွန်း ပထမရတယ်'

စုလှိုင်သည် ထွန်းကိုကြည့်ရင်း သူငယ်ငယ်က ပထမရလျှင် သာမန်ကာလျှံကာနှင့် အသိအမှတ်ပြုမခံရသည့်အတွက် ဝမ်းနည်းအားငယ်ခဲ့ရသည်များကို ပြန်၍သတိရမိလေသည်။ ထွန်းကိုလည်း သူ့လိုပင်ခံစားစေချင်သော စိတ်ကလည်း ဝမ်းထဲမှကြွတက်လာသည်။ စာနာစိတ်နှင့် မနာလိုစိတ်တို့သည် သူ့ရင်ထဲတွင် ဘောင်ဘင်ခတ်နေကြသည်။ သို့သော်လည်း စိတ်ကောင်းလေးက အနိုင်ရသွားသည်။ ထို့ကြောင့် ထွန်း၏ပါးလေးကို လက်ချောင်းလေးများဖြင့် ပွတ်သပ်ကာ ပြန်ပြုံးပြလေသည်။

'တော်တာပေါ့ ထွန်း၊ သိပ်တော်တာပဲကွယ်'

ထွန်း၏မျက်နှာလေးသည် နှင်းဆီသွေးလျှမ်းတက်လာကာ ပြုံးရွှင်သွားသည်။ စုလှိုင်ကို အားရပါးရရယ်ပြကာ အခန်းထဲမှပြန်ပြီး ပြေးထွက်သွားသည်။ သူ့ခြေသံလေးသည် တဒုန်းဒုန်းဖြင့်ပဲ့တင်ရိုက်ပြီး ကျန်ခဲ့လေသည်။ စုလှိုင်သည် ငိုင်တွေတွေလေးကျန်ခဲ့ရင်းမှ ထွန်းကို ခဲတံရောင်စုံဘူးလေးဝယ်ပြီး ဆုချရလျှင်ကောင်းမလား စဉ်းစားနေမိသည်။ ထွန်းနှင့်ပတ်သက်၍ တစ်စုံတစ်ခုစဉ်းစားတိုင်း စုလှိုင်၏ရင်ထဲတွင် ပဋိပက္ခဖြစ်ရလေသည်။ စာနာစိတ်နှင့် မကျေနပ်စိတ်၊ ကြင်နာစိတ်နှင့် မုန်းတီးစိတ်၊ ထောက်ထားစိတ်နှင့် စိမ်းကားသောစိတ်၊ညှာတာစိတ်နှင့် မနာလိုစိတ်များသည် သူ့ရင်ထဲတွင် ထာဝစဉ်ပင်အားပြိုင်ကြလေသည်။ တစ်ခါတစ်ရံ စိတ်ကောင်းလေးကအနိုင်ရကာ တစ်ခါတစ်ရံတွင်ကား မကောင်းသောစိတ်က အနိုင်ရသွားတတ်သည်။

ဒက်ဒီသည် ထွန်း၏မိခင်ရှိစဉ်က ထွန်းနှင့် အတန်ငယ်ရင်းနှီးဟန်ရှိသော်လည်း ယခုတော့ ဝေးကွာသွားချေပြီ။ ထွန်း၏ဘဝသည် စုလှိုင်လိုပင် အထီးကျန်ဖြစ်သွားရလေသည်။

'စုရေ တယ်လီဖုန်းလာတယ်'

'ဘယ်သူတဲ့လဲ မအေးတင် '

'နယ်လီချို့တဲ့'

'စု အိပ်ပျော်နေတယ် ပြောလိုက်ပါ'

မအေးတင်သည် ဘာမျှဆက်မပြောတော့ဘဲ ပြန်လှည့်ထွက်သွားသည်။ နယ်လီသည် သူတို့မင်္ဂလာပွဲ၌ စုလှိုင်ပုဏ္ဏကထွက်ထားသည်ကို သိပ်ပြီး မကျေနပ်လှချေ။ ထို့ကြောင့် အကြောင်းရှာ တယ်လီဖုန်းဆက်ပြီး ထိုအကြောင်းဆီသို့ လှည့်ပတ်ဆွဲခေါ်သွားကာ စကားနာထိုးတတ်သည်။ ထို့ပြင် သူ့ယောကျ်ားဖရက်ဒီကလည်း စုလှိုင်ကိုမရသောအခါမှာ သူ့ဘက်သို့ လှည့်လာသူဖြစ်ကြောင်းကို အတွင်းသိ၊ အပြင်သိ အားလုံးသိမို့ မိန်းမပီပီ မခံချင်စိတ်လေးကလည်း တလူလူဖြစ်နေဟန်တူသည်။

ဒီတစ်ခါတော့ စုလှိုင်သည် အခန်းတံခါးကို ထ၍ပိတ်လိုက်သည်။ အနှောင့်အယှက်များလွန်းသည်ကို မကျေနပ်ပေ။ လည်ချောင်းများခြောက်ကာ ရင်ထဲတွင် မောနေသည်။ ဒယ်ဒီအကြောင်း၊ မာမီအကြောင်း၊ စိုင်းအကြောင်း၊ ညီလင်းအကြောင်း၊ ကိုအောင့်အကြောင်း ဘာဆိုဘာမှ သတိမရချင်တော့ပေ။

■ ■ ■ ■ ■

၁၉၇၁ ခုနှစ် မေလထဲတွင် ကျော်ထွန်းညိုနှင့်သက်သက်တို့ လက်ထပ်ကြသည်။

နှစ်ဦးသဘောတူ ရုံးတက်ပြီး လက်မှတ်ထိုးရုံမှအပ မည်သည့်ညှော်ခံပွဲကိုမျှ မပြုလုပ်ချေ။ ဘုန်းကြီးငါးပါး ဆွမ်းပင့်ကျွေးပြီး 'လက်ထပ်ပြီးစီးကြောင်း' ကြော်ငြာကို ကြေးမုံနှင့်လုပ်သားသတင်းစာနှစ်စောင်တွင် ထည့်လိုက်ခြင်းဖြင့် လင်မယားအရာမြောက်သွားကြလေသည်။

'ဒါပဲကောင်းပါတယ် ကိုကိုရယ်၊ စားနိုင်သောက်နိုင်လူတွေကို

**''ထွန်း၏မျက်နှာလေးသည် နှင်းဆီသွေးလျှမ်းတက်လာကာ ပြုံးရွှင်သွားသည်။ စုလှိုင်ကို အားရပါးရရယ်ပြကာ အခန်းထဲမှပြန်ပြီး ပြေးထွက်သွားသည်။ သူ့ခြေသံလေးသည် တဒုန်းဒုန်းဖြင့်ပဲ့တင်ရိုက်ပြီး ကျန်ခဲ့လေသည်။ စုလှိုင်သည် ငိုင်တွေတွေလေးကျန်ခဲ့ရင်းမှ ထွန်းကို ခဲတံရောင်စုံဘူးလေးဝယ်ပြီး ဆုချရလျှင်ကောင်းမလား စဉ်းစားနေမိသည်။ ထွန်းနှင့်ပတ်သက်၍ တစ်စုံတစ်ခု စဉ်းစားတိုင်း စုလှိုင်၏ရင်ထဲတွင် ပဋိပက္ခဖြစ်ရလေသည် . . ."**

ဖိတ်ပြီး ထမင်းကျွေး၊ မုန့်ကျွေးလုပ်နေတာ အဓိပ္ပာယ်မရှိပါဘူး'

နှစ်ဖက်မိဘများက အတန်ငယ် တင့်တင့်တယ်တယ်လေး မင်္ဂလာဆောင်စေလိုသော်လည်း သူတို့နှစ်ဦးစလုံးက ငြင်းကြသည်။ သူတို့အတွက် ထုတ်ပေးသော မင်္ဂလာစရိတ်သုံးထောင်ကိုကား သက်သက်၏ အလိုကျ ဆေးရုံသို့ ပေးလှူခဲ့ကြလေသည်။

'ကိုကိုမိန်းမယူတာ အရေးမကြီးဘူး၊ ကျွန်တော်က ဘုံပျောက်ပြီပေါ့ဗျာ'

'သုံး၊ လေးရက်ပါကွာ မင်းကလည်း'

ကျော်ထွန်းညိုတို့ ညီအစ်ကိုနှစ်ဦး၏အခန်းကို မင်္ဂလာအခန်းအဖြစ် သတ်မှတ်လိုက်သဖြင့် ညီလင်းညိုခမျာ အခြောက်တိုက် ဘုံပျောက်သွားရှာသည်။ သူ့မွေ့ရာကို သင်ဖြူးဖျာလေးဖြင့်ပတ်ကာ အခန်းထဲမှ ထမ်း၍ ထွက်လာရသော ညီလင်းအားကြည့်ရင်း အကုန်လုံးပွဲကျနေကြလေသည်။

'ငါ့သားက အပေါ်ထပ်လာကွာ ဘုရားစင်ရှေ့မှာအိပ်ပေါ့ ဟုတ်လား' ဖေဖေက ရယ်မောရင်းပြောသည်။ ညီလင်းညိုက မျက်နှာကို လိုသည်ထက် ပို၍ရှုံ့ကာ အပေါ်ထပ်သို့ ညည်းညည်းညူညူဖြင့်တက်သွားသည်။ ကျော်ထွန်းညိုသည် ခွင့်ရက်ကုန်သည်အထိ ရန်ကုန်တွင်ပင် နေမည်ဖြစ်သည်။ သူပြန်သောအခါတွင်ကား သက်သက်ကတစ်ပါတည်းလိုက်သွားမည်ဖြစ်လေသည်။ သူ၏အလုပ်ကိုလည်း ပုသိမ်ဆေးရုံကြီး၌ ခန့်ရန် လျှောက်ထားခဲ့ပြီးဖြစ်သည်။

'ဘုရားစင်ရှေ့မှာ တစ်ညလုံးဆုတောင်းနိုင်တာပေါ့ ညီလင်းရ၊ တပည့်တော်လည်း စွံလိုပါ၏။ မစပါဘုရားလို့လေ ဟုတ်ဘူးလား'

အမာညိုက ရယ်မောနောက်ပြောင်နေသည်။ ကိုယ်ဝန်အရင့်အမာကြီးကိုလွယ်ထားရသဖြင့် သူ့လှုပ်ရှားမှုများသည် ယခင်တုန်းကလို ဖျိုးဖျိုးဖျတ်ဖျတ်၊ သွက်သွက်လက်လက်မဟုတ်တော့ပေ။ မောင်ပေါက်ကျိုင်းကလည်း သူ့မယားအလှ မျောက်လောင်းမလေး ခုန်လိုက်ပေါက်လိုက်လုပ်ဦးမည်စိုး၍ မျက်ခြည်မပြတ် စောင့်ကြည့်နေလိုက်သည်မှာ မျက်လုံးပင် အတန်ငယ်ပြူးလာသည်ဟု ညီလင်းထင်မိသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ကျောက်ဆည်မြို့နယ်၌ ငှက်ပျောဈေးကွက်ကောင်းမွန်သောကြောင့် ငှက်ပျောစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိ

ကျောက်ဆည် မတ် ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဆန်စပါးအပြင် ကြက်သွန်၊ ငရုတ်၊ ဝါ၊ ဆီထွက်သီးနှံမျိုးစုံနှင့် ငှက်ပျောများ စိုက်ပျိုးကြပြီး လက်ရှိတွင် ငှက်ပျောဈေးကွက်ကောင်းမွန်သောကြောင့် ငှက်ပျောစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ကျောက်ဆည်မြို့နယ်၌ ငှက်ပျောစိုက်ပျိုးသူများပြားလာကြောင်း၊ ငှက်ပျောစိုက်ပျိုးရာတွင် တစ်ဧကလျှင်အပင် ၈၀၀ ခန့်စိုက်ပျိုးနိုင်ပြီး ရောင်းချရာတွင် ငှက်ပျောအခိုင် လှပမှုပေါ်မူတည်၍ ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

ငှက်ပျောသည် စိုက်ပျိုးပြီး ရှစ်လအကြာတွင် အဖူးများထွက်ရှိပြီး ၁၂ လအကြာတွင် စတင်ခုတ်ရောင်းရကြောင်း၊ ကုန်ကျမှုအနေဖြင့် ထယ်စရိတ်၊ ထွန်စရိတ်၊ မျိုးဖိုး (ငှက်ပျောစို့အပင်ငယ်)နှင့် စိုက်ပျိုးစရိတ်အပါအဝင် ရေတင်ခြင်း၊ မြေဩဇာအသုံးပြုခြင်း၊ အသီးများရောင်းချပြီး ပင်စည်ခုတ်ထွင်ရှင်းလင်းခြင်း စသည့်စရိတ်များကုန်ကျမှုရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ကျေးသီးမြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံဖွင့်ပွဲကျင်းပ

ကျေးသီး မတ် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်(၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်ပွဲကို မတ်လ ၂၆ ရက်တွင် ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးဦးမင်းမင်းလွင်၊ မိုင်းရှူးခရိုင် အုပ်ချုပ်ရေးမှူးဦးမောင်မောင်လွင်နှင့် ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးဦးမင်းမင်းလွင်က အမှာစကားပြောကြားပြီး ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်မြင့်က (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြောင်း သိရသည်။

**ချမ်းမြေ့**

❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားများလိုအပ် . . .
❖ နိုင်ငံရေးမောင်းနှင်အားကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အားကောင်းမွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ ကာကွယ်ရေးစွမ်းပကားကိုမြှင့်တင်နိုင်မည်ဖြစ် . . .
❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှုသည် နိုင်ငံတစ်ခုအတွက် မဖြစ်မနေအရေးကြီးသည့်ကဏ္ဍမှ ပါဝင်သဖြင့် စီးပွားရေးအားကောင်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလို . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ပြုလုပ်သော ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်

နေပြည်တော် မတ် ၂၆

၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတက်ရောက်ရန် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က သွားရောက်၍ တွေ့ဆုံဂါရဝပြုနှုတ်ဆက်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❏



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ဗိုလ်ချုပ်ကြီးနေဝင်း(ငြိမ်း)၏မိသားစုများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



## ၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲတွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကိုအနိုင်ယူ

ရန်ကုန် မတ် ၂၆

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲအဖြစ် အာဖဂန်နစ္စတန်အသင်းနှင့် မြန်မာအသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက နောက်ကျဂိုးများဖြင့် အာဖဂန်နစ္စတန်အသင်းကို အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၄ ■

## မန္တလေးငလျင်ကြီး (၁)နှစ်ပြည့်အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၆

မန္တလေးငလျင်ကြီး (၁)နှစ်ပြည့်အခမ်းအနားကို မတ်လ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ မှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD၊ MRTV – News၊ MRTV – NRC၊ MRTV Farmers' Channel၊ MITV၊ MWD – HD၊ MWD Variety – HD ၊ Readers' Channel၊ Up to Date နှင့် MNTV ရုပ်သံလိုင်းများမှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်းကောင်း၊ MRTV App၊ Radio App အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ယနေ့ထုတ် မြဝတီ သတင်းစာတွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထူးအချပ်ပို (၄)မျက်နှာ ပါရှိပါသည်။

